# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 9 July 2025 ၁၁၈၇၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

**မန္တလေးလျှောင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ**

စာမျက်နှာ » ၄

---

**အိန္ဒိယလေကြောင်း AI 171 လေယာဉ် ပျက်ကျရခြင်း ဗဟုသုတနှင့် ခရီးသည်တို့၏ ကံကြမ္မာ**

ဆောင်းပါး စာမျက်နှာ » ၆

---

**ကျိုက်မရောမြို့နယ်၌ မျိုးစေ့ချကိုရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် RS-CS မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများ သွင်းအားစုချီးမြှင့်ပေးအပ်ပွဲ ကျင်းပ**

စာမျက်နှာ » ၉




## မုဒုံမြို့နယ်၌ မိုးစပါးစိုက်ဧက ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မုဒုံ ဇူလိုင် ၈

မွန်ပြည်နယ် မုဒုံမြို့တွင် စပါးအထွက်နှုန်း တိုးတက်မြင့်မားစေရေးအတွက် ဆည်ရေသောက်နှင့် ချောင်းပိတ်မြောင်းပိတ်စနစ်ဖြင့် ၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၅၀၄၉၃ ဧကကို စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီတွင် ပဲမျိုးစုံ ဧက ၉၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ ဇူလိုင် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သီးညှပ်စိုက်ပျိုးကြ**

" ဒီနှစ် ကျွန်းလှမြို့နယ်မှာ မိုးရာသီ ပဲမျိုးစုံစိုက်ပျိုးဖို့ ၁၆၉၅၃ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၉၁၃၆ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ သီးညှပ်စိုက်ပျိုးကြသလို သီးသန့်လည်းစိုက်ပျိုးကြပါတယ်။ တောင်သူတွေ တွက်ခြေကိုက်သီးနှံဖြစ်ခြင်းကြောင့် တိုးချဲ့စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✮**




ကြေးမုံ

# ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့

ဝါဆိုလပြည့်နေ့သည် မြတ်ဗုဒ္ဓ၏ ဖြစ်စဉ်တော်နှင့် ထေရဝါဒဗုဒ္ဓဘာသာသာသနာဝင်သမိုင်းတွင် အထူးခြားဆုံးလဖြစ်သည်။ ဝါဆိုလ၏ ထင်ရှားလှသည့် ဓမ္မပူဇာပွဲမှာ "ဓမ္မစကြာအခါတော်နေ့" ဖြစ်သည်။ ဝါဆိုလပြည့်နေ့ကို အကြောင်းပြု၍ "လမြတ်ဝါဆို ကုသိုလ်တွေပိုသည့်လ" ဟုဆိုကြပါသည်။ အခြားလများထက် ဝါဆိုလပြည့်နေ့သည် ဘာသာရေးအရ အရေးပါသောလဟု နှလုံးသွင်းကြည်ညိုသူတိုင်း ကုသိုလ်တိုးပွား၊ ကောင်းကျိုးများစေမည့် သာသနာတော်ဆိုင်ရာ အခါတော်နေ့ဖြစ်သည်။

ဝါဆိုလပြည့်နေ့၏ ထူးခြားချက်များမှာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ပဋိသန္ဓေယူသောနေ့၊ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူပြီးနောက် ဓမ္မစကြာတရားဦး ဟောတော်မူသောနေ့၊ ဘုရားဖြစ်ပြီးဟု ရဲဝံ့စွာကြေညာတော်မူသောနေ့၊ တရားရတနာ စတင်ပေါ်ထွန်းသောနေ့၊ သံဃာရတနာ စတင်ပေါ်ထွန်းသောနေ့၊ ဗဟိဘိက္ခုဟူသော မြတ်ဗုဒ္ဓ၏ဗျာဒိတ်တော်ရ ရဟန်း စတင်ပေါ်ထွန်းသောနေ့၊ ခုနစ်ဝါမြောက် ဝါဆိုတော်မူရင်း အဘိဓမ္မာတရား ဟောကြားရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူစဉ် ရေမီးအစုံဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့ဟူသည့် ထူးခြားလေးနက်သောနေ့ထူးနေ့မြတ်များ အစုံပါဝင်သည့်နေ့ဖြစ်သည်။

သူတော်ကောင်းအပေါင်းတို့အနေဖြင့် ယခုလို ဝါဆိုလပြည့်နေ့ရောက်တိုင်း သဒ္ဓါတရားပေါက်ရာ အခါတော်တစ်မျိုးမျိုးဖြစ်စေ၊ အားလုံးကိုဖြစ်စေ နှလုံးသွင်းဆင်ခြင်ပြီး မြတ်ဗုဒ္ဓကို အာရုံပြု၍ ကြည်ညိုသဒ္ဓါပွားနိုင်ကြပါသည်။ ထေရဝါဒသာသနာဝင်သမိုင်းတွင် အထူးခြားဆုံးဖြစ်သလို ဗုဒ္ဓဘာသာဝင်အပေါင်းတို့အနေဖြင့် ထူးထူးခြားခြား ကုသိုလ်ပွဲများကျင်းပကာ ပူဇော်ကြပါသည်။ ဝါဆိုလ၏ အစဉ်အလာပဋ္ဌာန်းပွဲထက် ဓမ္မစကြာအခါတော်နေ့သည် ပိုမိုထင်ရှားလေးနက်ပါသည်။ ဝါတွင်းသုံးလရှိ ဥပုသ်နေ့တိုင်း ဘုရားကျောင်းတို့တွင် ဓမ္မစကြာတရားတော်များကို ကျားမကြီးငယ်မရွေး ဝတ်အသင်းသူ အသင်းသားတို့က မြန်မာပြည်တစ်ဝန်းတွင် ရွတ်ဖတ်ပူဇော်သံများကို မင်္ဂလာရှိစွာ ကြားခဲ့နာခဲ့ကြပါသည်။

ဗုဒ္ဓဘာသာဝင်အများစုသည် ဝါဆိုလပြည့်နေ့မှစတင်၍ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း ဥပုသ်သီလစောင့်ထိန်းကြသည်။ ဝါပကာလများတွင် အချို့ကျောင်းများ၌ ဥပုသ်သည်အနည်းငယ်ရှိသော်လည်း အချို့ကျောင်းများတွင် သာရေး၊ နာရေးကိစ္စများမှအပ ဥပုသ်စောင့်သူမရှိတော့ပေ။ ဝါတွင်းသုံးလ၌ ဥပုသ်စောင့်ထိန်းကြသည်ကို သာဓုခေါ်ဆိုရမည်ဖြစ်သော်လည်း ဝါကျွတ်သည်နှင့် ဘုရားသွား၊ ကျောင်းတက်နှင့် ဥပုသ်မစောင့်လိုတော့သည့်အလေ့ကို ပြုပြင်ရမည်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မှန်လျှင် ဝါတွင်း၊ ဝါပမရွေး ဥပုသ်စောင့်ထိန်းသင့်သည်။ အသက်ခန္ဓာ တည်နေသမျှ ငါးပါးသီလ တရားတော်မြတ်ကို လုံခြုံစွာစောင့်ထိန်းသင့်သည်။ သီလလုံခြုံသောတိုင်းပြည်သည် မလွဲမသွေ အေးချမ်းသာယာဝပြောနေမည်ဖြစ်သည်။

ဝါဆိုလပြည့်နေ့သည် "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တချက် ပြာဋိဟာ" ဆိုသည့်အတိုင်း မြတ်ဗုဒ္ဓ၏ အံ့ချီးဖွယ်မကုန် ကြည်ညိုလို့မဆုံးသည့် ဖြစ်စဉ်တော်များ အစုံအလင်ပါဝင်နေသဖြင့် ကြည်ညိုသဒ္ဓါပွားကြရမည်ဖြစ်သလို ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစတင်၍ ရဟန်းသံဃာတော်များ ပုရိမဝါကပ်ဝါဆိုတော်မူကြသည်မှာလည်း ကြည်ညိုဖွယ်ဖြစ်သည်။ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ဝိနည်းတော်နှင့်အညီ ဝါတွင်းသုံးလကာလပတ်လုံး အရပ်တစ်ပါးသို့ မသွားရောက်တော့ဘဲ တစ်ကျောင်း၊ တစ်နေရာ၌ သီတင်းသုံးပါမည်ဟု ရွတ်ဆိုအဓိဋ္ဌာန်ပြုကာ သီလသီတင်းဆောက်တည် ဝါကပ်တော်မူကြသည်မှာ ကြည်ညိုသဒ္ဓါပွားစရာဖြစ်သည်။ ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်တော်မူစဉ်သီတင်းသုံးရာကျောင်းတိုက်များ၌ ဥပုသ်သီတင်းဆောက်တည်ကြခြင်း၊ ကောင်းမှုကုသိုလ်များ ပြုလုပ်ကြခြင်းဖြင့် ကောင်းကျိုးများကို ဆောင်ယူရမည်ဖြစ်သည်။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့သည် ဓမ္မစကြာတရားဦး ဟောတော်မူခြင်းကို အကြောင်းခံသည်။ ကျေးဇူးလည်းရှိ ဟောလျှင်လည်းသိနိုင်သူ ပဉ္စဝဂ္ဂီငါးဦးတို့ကို ရှောင်ကြဉ်ရန် ဝဲယာအစွန်းလွန် လမ်းစဉ်နှစ်မျိုး၊ လိုက်နာကျင့်ကြံရန် မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်ခေါ် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော "ဓမ္မစက္ကပဝတ္တနသုတ္တန်" (ဓမ္မစကြာ) တရားကို ဟောကြားတော်မူရာ အရှင်ကောဏ္ဍညမထေရ်သည် နတ်ဗြဟ္မာ ၁၈ ကုဋေနှင့်အတူ သောတာပန်တည်တော်မူသည်။ တရားဒေသနာအပြီးတွင် မဟာပထဝီမြေကြီးလည်း မြည်ဟည်းတုန်လှုပ်သည်။ ဓမ္မစကြာတရားဦးဟောသည့်နေ့သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် နေလည်းဝင်စ၊ လလည်းထွက်ပြူချိန် ဝါဆိုလပြည့် စနေနေ့ ညချမ်းအချိန်ဖြစ်သည်။

သို့ဖြစ်ရာ ဓမ္မစကြာတရားတော်သည် ဝဲယာအစွန်းလွန် လမ်းစဉ်နှစ်မျိုး၊ အလယ်အလတ်လမ်းစဉ် မဂ္ဂင်ရှစ်ပါး၊ သစ္စာလေးပါးတို့ဖြင့် တန်ဆာဆင်အပ်သော တရားတော်မြတ်ဖြစ်ရာ ယနေ့ဝါဆိုလပြည့်နေ့တွင် ဘုရား၊ တရား၊ သံဃာတော်မြတ်တို့ လွှမ်းခြုံသည့် ဓမ္မစကြာတရားမြတ်ကို ကြည်ညိုသဒ္ဓါပွား နာယူမှတ်သားကြပြီး ကုသိုလ်အထူးယူကြရမည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်မင်းအောင်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၂) | ဦးအောင်မော်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားသူကြီးချုပ်ရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် |
| (၃) | ဒေါက်တာနေဝင်းဦး<br>ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# ချင်းတွင်းမြစ်နှင့် ငဝန်မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၈

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက် အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်များနှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈-၇-၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၈၀၀ | ၆,၈၀၀ | ၈၄၂ | ၅,၇၂၅,၆၀၀ |
| MTSH | ၃,၂၀၀ | ၃,၁၅၀ | ၇၄၃ | ၂,၃၅၉,၇၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၃၉၃ | ၂,၉၀၈,၂၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၂၁၆ | ၄၂၁,၉၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၆ | ၇၂,၈၀၀ |
| EFR | ၁,၆၀၀ | ၁,၆၀၀ | ၁,၂၂၈ | ၁,၉၆၄,၈၀၀ |
| AMATA | ၃,၇၅၀ | ၃,၇၅၀ | ၅၀၂ | ၁,၈၈၂,၅၀၀ |
| MAEX | ၃,၀၅၀ | ၃,၀၅၀ | ၁,၆၀၀ | ၄,၈၈၀,၀၀၀ |
| MADPL(PLB) | ၃,၁၅၀ | ၃,၀၅၀ | ၂ | ၆၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြား

ရန်ကုန် ဇူလိုင် ၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က ရုံးလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်မှချမှတ်ထားသော ရည်မှန်းချက်နှင့် မျှော်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည်ဦးစားပေးဆောင်ရွက်သွားမည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ နည်းပညာအသုံးချမှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရေးနှင့် ဆွဲဆောင်နိုင်ရေးတို့အတွက် မူဝါဒကိုအခြေခံသည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀၉)သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၈

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၉)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က ဆရာများသည်အနန္တဂိုဏ်းဝင်



လက်ဦးဆရာဖြစ်သည့်အတွက် ကျောင်းသားလူငယ်များကို အသိပညာ၊ အတတ်ပညာ၊ ကာယ၊ ဉာဏ၊ စာရိတ္တအပြင် စိတ်ဓာတ်ကောင်းမွန်ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိရေး၊ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်တတ်ပြီး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရေးနှင့် တိုင်းပြည်၏ အနာဂတ်အတွက် စိတ်ဓာတ်၊ စည်းကမ်းနှင့်အရည်အသွေးကောင်းမွန်သည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်နိုင်ရေးလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ မိမိတို့သည် တိုင်းပြည်နှင့် ပြည်သူတို့၏ အနာဂတ်အတွက် အရည်အချင်းပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်စေရေး၊ လူငယ်လူရွယ်များကို အခြေခံကျကျ လေ့ကျင့်သင်ကြားပေးရန် တာဝန်ယူထားရသူများဖြစ်သည်ကို ဂုဏ်ယူတတ်စေပြီး တာဝန်ယူရသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် မှန်မှန်ကန်ကန်လုပ်ဆောင်၍ နိုင်ငံ့အကျိုးကို ရှေးရှုပြီး ပြည်သူကို အလုပ်အကျွေးပြုရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

### ငါးပတ်ကြာဖွင့်လှစ်မည်

အခြေခံပညာ ဆရာ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၉)သို့ သင်တန်းသား ၃၀၊ သင်တန်းသူ ၃၆၀ စုစုပေါင်း ၃၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၇ ရက်မှ ဩဂုတ် ၈ ရက်အထိ ရက်သတ္တငါးပတ်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

### ❂ ရွှေဖုံးမှ

ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရေးနှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တောင်သူများအား နှစ်စဉ်မျိုးသန့်မျိုးစေ့ပံ့ပိုးခြင်း၊ ဘောင်ပျိုးစနစ်ဖြင့် ဧက ၂၀၊ ပျိုးထောင်ရွှေ့ပြောင်းခြင်း ရိုးရိုးဖြင့် ၇၅၅၄ ဧက၊ မျိုးစေ့ချကိရိယာဖြင့် ဧက ၄၁၄၀ နှင့် ကြဲခင်း ၃၈၇၇၉ ဧက စုစုပေါင်း မိုးစပါးစိုက်ဧက ၅၀၄၉၃ ကို ဇွန်လကုန်အထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ မြေဆီလွှာတွင် အာဟာရဓာတ်ပါဝင်မှု စစ်ဆေးပြီး ဓာတ်မြေဩဇာနှုန်းထားထောက်ခံချက်ပေးခြင်း၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ခြင်းနည်းစနစ်များ လက်တွေ့ပြသခြင်းနှင့် ကင်းထောက်စစ်ဆေးခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးနည်းပညာ အသိပညာပေးခြင်းလုပ်ငန်းများကို တောင်သူများနှင့်တွေ့ဆုံ၍ ကွင်းတာဝန်ခံများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က ပြောသည်။

#### စိုက်ပျိုးပြီးစီးပြီဖြစ်

မုဒုံမြို့နယ်တွင် မိုးရာသီ၌ တောင်သူများက မိုးစပါးများကို အဓိကအားထားစိုက်ပျိုးကြပြီး ယခုနှစ်တွင် မိုးစပါးစိုက်ဧက ၇၅၆၆၅ ဧကကို စိုက်ပျိုးရန်လျာထား၍ ယခုအခါ မိုးစပါးစိုက်ဧက ၅၀၄၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရာမည(ပြန်/ဆက်)

### ☆ ကျွန်းလှမြို့နယ်မှ

ကျွန်းလှမြို့နယ်တွင် ပဲမျိုးစုံသီးနှံကို ရာသီအလိုက်စိုက်ပျိုးကြပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဦးထွန်းကျော်ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ဇူလိုင် ၈ ရက်က မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက်အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများထဲမှ နေပြည်တော်ကောင်စီနယ်မြေတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများ အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစုများအတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဝန်ထမ်းများ၏ ပုံမှန်နေ့စဉ်လူနေမှုဘဝကို အတိုင်းအတာတစ်ခုအဖြစ် ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အခြေခံလိုအပ်သည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သော ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက်၊ ထမင်းပေါင်းအိုး၊ လျှပ်စစ်ရေနွေးအိုး၊ လျှပ်စစ်ဟင်းချက်အိုးနှင့် လျှပ်စစ်မီးပူတို့ကို ထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက နေပြည်တော်ကောင်စီနယ်မြေရှိ မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဝန်ထမ်းမိသားစု ၂၉ စုအား အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်သည့် ရေခဲသေတ္တာ ၂၉ လုံး၊ ရုပ်မြင်သံကြားစက် ၂၉ လုံး၊ ထမင်းပေါင်းအိုး ၂၉ လုံး၊ လျှပ်စစ်ရေနွေးအိုး ၂၉ လုံး၊ လျှပ်စစ်ဟင်းချက်အိုး ၂၉ လုံးနှင့် လျှပ်စစ်မီးပူ ၂၉ လုံးတို့ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် မန္တလေးငလျင်ကြီးကြောင့် မြေညီထပ်အခန်းများ ပျက်စီးခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ၂၉ ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့သည့် အဆိုပါ အိမ်သုံးလျှပ်စစ်ပစ္စည်းများကို ဝန်ထမ်းမိသားစုများ ယာယီနေထိုင်သည့် နေရာများသို့ စနစ်တကျ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၈**

မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ JSC “Rosoboronexport” ကုမ္ပဏီက ငွေကျပ် ၉၀၆ ဒသမ ၂၅၀ သန်းကို ယနေ့နံနက် ၁၀နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်

**သတင်းစဉ်**

■




# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့ပေါ်ရှိ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဇူလိုင် ၈**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး ဝန်ကြီးများ ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ချင်းတွင်းမြစ်အိုးဘိုတောင် ၁၀ ပေါက်တွဲ ရေတံခါးသို့ သွားရောက်၍ ရေဝင်ရောက်မှုအခြေအနေနှင့် ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ထို့နောက် ချင်းတွင်းမြစ်ကမ်းပေတိုင်အမှတ် ၄၁၁၆၀ မှ ၄၀၁၆၀ အတွင်း ရေထိန်းတာပေါင်များ ကြံ့ခိုင်မှု ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပိုမိုကြံ့ခိုင်မှုရှိစေရေးအတွက် ပြန်လည်ဖြည့်စွက်ပြင်ဆင် ဆောင်ရွက်သွားမည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ကျွဲကြီးရပ်ကွက် ချင်းတွင်းမြစ် မီးသတ်စခန်းသို့ ရောက်ရှိ၍ ရေပြင်ရှာဖွေကယ်ဆယ်ရေး Speed Boat များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက တပ်ဖွဲ့ဝင်များအနေဖြင့် သင့် (၄) သင့်ဖြင့် အမြဲသတိရှိစွာ နေထိုင်စောင့်ကြည့်သွားကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေကြောင်းရဲတပ်ဖွဲ့ခွဲ(မုံရွာ) မှ အမြန်သွားကင်းလှည့်ရေယာဉ်ဖြင့် ကျွဲကြီးရပ်ကွက် ချင်းတွင်းမြစ် မီးသတ်စခန်းမှ မုံရွာတောင်ရပ်ကွက်ရှိ ဇက်ကူးတို့ဆိပ်အထိ ချင်းတွင်းမြစ်တာပေါင် ကြံ့ခိုင်မှုများနှင့် မြစ်ရေကြီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေး မော်တော်ယာဉ်ကြီးများ၊ အဆင့်မြင့်မီးငြိမ်းသတ်ယာဉ်ကြီးများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် တိုင်းဒေသကြီး သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနရုံးသို့ ရောက်ရှိပြီး သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ပြည်သူများအတွက် အသင့်သိုလှောင်ထားရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ဖြန့်ဝေပေးမည့် ကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှု၍ သက်ဆိုင်ရာ မြို့နယ်များသို့ အချိန်မီရောက်ရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပခုက္ကူတက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ပခုက္ကူ ဇူလိုင် ၈**

ပခုက္ကူတက္ကသိုလ်၌ ဇူလိုင် ၁၉ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၉နာရီခွဲတွင် အဆိုပါတက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူတက္ကသိုလ် သမိုင်းဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာအေးကျော်က (၇၈)နှစ်မြောက် အာဇာနည်နေ့နှင့်ပတ်သက်သော အကြောင်းအရာများ၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထက်မြက်ရေး အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အကြိုတက္ကသိုလ်အဆင့်စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူ ဆရာ ဆရာမများနှင့်ဝန်ထမ်းများအား ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်တို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

(၁) ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားနေပါက အခမ်းအနားသို့ လာရောက်ခြင်းမပြုရန်၊

(၂) အာဇာနည်နေ့အခမ်းအနား ကျင်းပနေစဉ်တွင် ဖျားခြင်း၊ ချောင်းဆိုးခြင်း အစရှိသော ကိုဗစ်-၁၉ ရောဂါအပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားရပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ အသိပေးချက်၊ သတိပေးချက်များအား လိုက်နာရန်။

(၇၈) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ကမ္ဘာ့လူဦးရေနေ့

လူမှုစီးပွားဖွံ့ဖြိုးဖို့ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုစို့

From Data to Development: Using Census For Socio-Economic Advancement

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇူလိုင် ၈

အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လွိုင်ကော်တက္ကသိုလ်အား ယခုပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်ပညာသင်ကြားနိုင်ရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက တက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ ပြန်လည် ပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပင်မဆောင်အဆောက်အအုံရှိ ကျောင်းသားရေးရာဌာန၊ စုပေါင်းခန်းမ၊ အစည်းအဝေးခန်းမများနှင့် စာသင်ခန်းများ ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ ပြုပြင်မွမ်းမံနေမှု၊ ဓာတုဗေဒဌာန၊ သတ္တဗေဒဌာနရုံးခန်းများ၊ စာသင်ခန်းများ ပြုပြင်မွမ်းမံဆောင်ရွက်နေမှု၊ ကယားချယ်ရီနှင့် ကယားသဇင်ကျောင်းသူအိပ်ဆောင်၊ သန့်စင်ခန်းများနှင့် ထမင်းစားခန်းမများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပါမောက္ခ/ဌာနမှူးများ အိမ်ရာများနှင့် တက္ကသိုလ်စာကြည့်တိုက်အဆောက်အအုံ ပြုပြင်မွမ်းမံနေမှုနှင့် အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က တက္ကသိုလ်အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလပြီးစီးရေးအတွက် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးရေးအဖွဲ့များကလည်း စစ်ဆေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်ပြီး အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်စေရေးနှင့် အရည်အသွေးကောင်းမွန်သည့် လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုစေရေး စဉ်ဆက်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ တက္ကသိုလ်ပင်မသုံးထပ်ဆောင် အစည်းအဝေးခန်းမတွင် လွိုင်ကော်တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ကုမ္ပဏီများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)၌ AI ကျင့်ဝတ်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၈

ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေး လုပ်ငန်းကော်မတီက ရန်ကုန်ရှိ အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)တွင် AI ကျင့်ဝတ်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ(၁/၂၀၂၅)ကို ယနေ့ မွန်းလွဲပိုင်းတွင် Hybrid စနစ်ဖြင့် ကျင်းပရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်သည်။



**တိုက်တွန်းပြောကြား**

ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံ့ရေရှည်အကျိုးစီးပွားကို လွှမ်းခြုံဖော်ဆောင်ပေးနိုင်မည့် ဒစ်ဂျစ်တယ်လူ့အဖွဲ့အစည်း ဖြစ်ထွန်းလာစေရေးအတွက် ဒစ်ဂျစ်တယ်ကျင့်ဝတ် လိုက်နာစောင့်ထိန်းမှုနှင့် ဆိုက်ဘာလုံခြုံရေးထိန်းချုပ်ဆောင်ရွက်မှုတို့ဆိုင်ရာ အသိပညာများ၊ နည်းပညာများ မြှင့်တင်ဆောင်ရွက်မှု၊ စံအရည်အသွေးပြည့်မီသည့် IT နည်းပညာရှင်များ စဉ်ဆက်မပြတ် ပျိုးထောင်ပေးမှုတို့ကို အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ဝင်းထွဋ်၊ အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ) ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်၊ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းမှ ကထိက ဦးအောင်ခိုင်၊ Myanmar Digital Economy Association (MDEA) အမှုဆောင် ဒါရိုက်တာ ဦးအောင်ကိုကိုဦးနှင့် Nex Bridge Global ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဦးသက်နောင်စိုးတို့က MSME ဆိုင်ရာ AI မော်ဒယ်များ အသုံးပြုမှု၊ AI ကျင့်ဝတ်နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာများနှင့် နည်းပညာ ဗဟုသုတများကို ဆွေးနွေးကြပြီး အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) ကျောင်းအုပ်ကြီး ဦးဇေယျာအောင်က ဆွေးနွေးပွဲကို ပံ့ပိုးဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကျောင်းသားများက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်မေးမြန်းဆွေးနွေးကြကာ MDEA အမှုဆောင်ဒါရိုက်တာက Open Academy ၏ Cloud Computing သင်တန်းအတွက် Scholarship ပေးအပ်မည့်အစီအစဉ်ကို မိတ်ဆက်ပြောကြားပြီး ဒုတိယဝန်ကြီးက ဆွေးနွေးကြသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ကျောင်းသားများထံ IT နည်းပညာ၊ သုတနှင့် ရသစာအုပ်များ ပေးအပ်ချီးမြှင့်သည်။

ဆွေးနွေးပွဲသို့ လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အခြားသော ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ဆရာများနှင့် ကျောင်းသားများ၊ တောင်ဒဂုံရှိစက်မှုဇုန်ခြောက်ခုမှ ဇုန်ဥက္ကဋ္ဌများ၊ MSME လုပ်ငန်းရှင်များ၊ ကျောင်းသားမိဘများနှင့် ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# လှည်းကူးမြို့နယ်၌ ငလျင်သဘာဝဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်

လှည်းကူး ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယနေ့နံနက်ပိုင်းက ငလျင်သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို မြို့နယ်ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးယုလွင်က မီးသတ်သမားတစ်ဦး၏စွမ်းဆောင်ရည် (Brave Heart)စွမ်းရည်ပြသခြင်း၊ ငလျင်လှုပ်၍ အဆောက်အအုံပြိုကျပျက်စီးပြီး ပိမိနေသောလူနာအား ကယ်ထုတ်ခြင်း၊ အဆောက်အအုံအတွင်းရှိ ဒုက္ခသည်များအား ကယ်ဆယ်ခြင်း၊ အကြောက်လွန်နေသူအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှကယ်ထုတ်ခြင်း၊ သတိမေ့နေသူအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ထုတ်ခြင်းနှင့် EMS အဖွဲ့၏ အရေးပေါ်ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအား ဟောပြောခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသကြသည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရာသို့ လှည်းကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်၊ မြို့နယ်ကုသရေးဦးစီးဌာနမှ ဒေါက်တာသောင်းဒန်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ဦးယုလွင်နှင့်အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များနှင့် ပရဟိတအသင်းအဖွဲ့များ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အိန္ဒိယလေကြောင်း AI 171 လေယာဉ် ပျက်ကျရခြင်း ဗဟုသုတနှင့် ခရီးသည်တို့၏ ကံကြမ္မာ

ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ် (ငြိမ်း)









သတ္တလောကမှ လူသားတို့၏ ကံကြမ္မာသည် အလွန်ပင်ထူးဆန်းလှသည်။ နေ့မြင်ညပျောက် ဆိုသည်ထက်ပင် သင်္ခါရတရားသည် လျင်မြန်ကြောင်း အိန္ဒိယလေကြောင်း A I 171 လေယာဉ်နှင့် ခရီးသည်တို့၏ ကံကြမ္မာဆိုးကြီးကို ကြားသိလိုက်ရသည်တွင် တရေးရေးနှင့် တဖြည်းဖြည်း ထင်ထင်ရှားရှား သိလိုက်ရသည်။

၂၀၂၅ ခုနှစ် ဇွန်လ ၁၂ ရက်နေ့ မွန်းလွဲတစ်နာရီ၊ အိန္ဒိယနိုင်ငံ အနောက်ပိုင်း Ahmedabad, Sardar Vallabhbhai Patel အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လန်ဒန် Gatwick လေဆိပ်သို့ ပျံသန်းသွားသည့် AI 171 လေယာဉ်သည် ပြေးလမ်းမှ ပျံတက်ပြီး တစ်မိနစ်မျှပင်မကြာလိုက် အမြင့်ပေ ၆၂၅ ပေအရောက် ကပ္ပတိန် Sumeet Sabharwal က “MAY DAY .. MAY DAY… MAY DAY… NO Power… NO THRUST…GOING Down” ဟု AIR TRAFFIC CONTROL (ATC) သို့ အန္တရာယ်ကြီး သတင်းသာပို့ခဲ့ပြီး လေယာဉ်ကွင်းနှင့် တစ်မိုင်ခွဲအကွာမှာရှိသော JB Medical College ဆေးကျောင်းဆောင်ပေါ်သို့ ကျဆင်းပျက်ကျခဲ့သည်။

**ကံကြမ္မာဆိုးကြီး**

လေယာဉ်မှူးနှစ်ဦးနှင့် လေယာဉ်မောင်မယ် ၁၀ ဦး၊ ခရီးသည် ၂၃၀ စုစုပေါင်း ၂၄၁ ဦး အသက်ဆုံးရှုံးခဲ့သော ဤဖြစ်ရပ်ဆိုးကြီးသည် ကမ္ဘာ့လေကြောင်းလိုင်းနှင့် လူသားတို့အား စိတ်မချမ်းမြေ့ဖွယ်နှင့် စိတ်မအေးဖွယ်အဖြစ် တုန်လှုပ်ခြောက်ခြားရိုက်ခတ်လေတော့သည်။ လေယာဉ်ခရီးသည်တို့တွင် အိန္ဒိယလူမျိုး ၁၆၉ ဦး၊ ဗြိတိသျှနွယ်ဖွား ၅၃ ဦး၊ ပေါ်တူဂီ ခုနစ်ဦးနှင့် ကနေဒါနိုင်ငံသား တစ်ဦး၊ လေယာဉ်အရာထမ်း၊ အမှုထမ်းများအပါအဝင် စုစုပေါင်း ၂၄၂ ဦး လိုက်ပါစီးနင်းခဲ့သည်။ မရဏတရားနှင့်ကြုံရတော့မည့် ခရီးသည်အားလုံးသည် ကံကြမ္မာဆိုးကြီးကိုရင်ဆိုင်ရန် မည်မျှအထိ ကြောက်လန့်ခြောက်ခြားကြမည်ကို ခန့်မှန်း၍မရဖြစ်တော့သည်။ လေယာဉ်ခရီးသည် ၂၄၁ ဦး အသက်ဆုံးရှုံးခဲ့ရပြီ။ ဤမျှကြီးမားသောဆုံးရှုံးမှုကို ရင်နင့်ဖွယ် ပူဆွေးသောကရောက်ဖွယ်တစ်မျိုးဟုသာ သတ်မှတ်ရပေတော့မည်။

**ထူးဆန်းလွန်းသည်မှာ…**

ထူးဆန်းလွန်းသည်မှာ လေယာဉ်အပျက်အစီးများကြားမှ လေယာဉ်ထိုင်ခုံ 11 A တွင် ထိုင်သူ Vishwas Kumar Ramesh အမည်ရှိ အမျိုးသား ခရီးသည်တစ်ဦးသည် မယုံကြည်နိုင်လောက်အောင် အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ လေယာဉ်ထိုင်ခုံ 11 A သည် အရေးပေါ်ထွက်ပေါက်နှင့် အနီးဆုံးတွင်ရှိနေခြင်းက လွင့်စဉ်လွတ်မြောက်နိုင်ခြေကိုလည်း တွေ့ရသည်။ Kumar Ramesh သည် Manifest စာရင်းအရ ဗရစ်တန် (Briton – British Indian) ဖြစ်ကြောင်း အိန္ဒိယနှင့် Leicester (UK) ရှိ ဆွေမျိုးများကလည်း အတည်ပြုခဲ့သည်။ သေခြင်းတရားသည် လက်တစ်ကမ်းသာရှိသည်ဟု ဆိုသော်လည်း ဒဏ်ရာဒဏ်ချက်အနည်းငယ်ဖြင့် သေဘေးမှ လွတ်မြောက်လာသူ Ramesh အား သတင်းကြည့်ရှုနားထောင်သူ အများအပြားသည် သို့လော သို့လော ယုံရခက် မယုံရခက်ထိ ထိုသူ၏ ကံကြမ္မာကား ထူးခြားလွန်းလှပေသည်။

**သေကံမရောက်…**

သေကံမရောက် သက်မပျောက်သည့် ခရီးသည်နောက်တစ်ဦးမှာ ၂၈ နှစ်အရွယ် စီးပွားရေးကျောင်းသူ ဘိုးမိချောဟန် (Bhoomi Chauhan)ဖြစ်သည်။ ၎င်းသည် Ahmedabad မှ လန်ဒန်လေကြောင်းခရီးတွင် လိုက်ပါမည့်ခရီးသည်ဖြစ်ကြောင်း တစ်ညအလိုတွင် အွန်လိုင်းမှ အတည်ပြုချက်ရယူခဲ့သည်။ နောက်တစ်နေ့၌ Sardar Patel Ring Road တွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် Air Terminal ဂိတ်သို့ ၁၀ မိနစ် နောက်ကျသည့်အတွက် လိုက်ပါခွင့်မရသူ၊ ဒေါသတွေထွက်၊ မည်သို့မျှမတတ်နိုင်သည့်အဆုံး အနီးအနားက Café ဆိုင်တွင် ထိုင်လိုက်သည်။

ကံကြမ္မာအလှည့်အပြောင်းသည် ထူးဆန်းပေစွတကား။ AI 171 လေယာဉ်သည် ပြေးလမ်းမှ တက်ကာ ပျံသန်းချိန် စက္ကန့် ၃၀ မျှပင်မရှိ လေယာဉ်သည် ဆေးကျောင်းဆောင်ပေါ်သို့ ကျရောက်၊ ပေါက်ကွဲသွားကြောင်း သိရသည်တွင် “ကျွန်မတစ်ကိုယ်လုံးချမ်းစိမ့်ပြီး တုန်လှုပ်ရကြောင်း၊ အသက်မရှူနိုင်အောင်ဖြစ်ရကြောင်း၊ ၁၀ မိနစ်နောက်ကျခြင်းသည် ကံကြမ္မာဆိုးကြီးမှ ကယ်တင်လွတ်မြောက်ခြင်းလောဟု ဝေခွဲမရဖြစ်ရကြောင်း အိန္ဒိယတိုင်းနှင့် မီဒီယာ တွေ့ဆုံမေးမြန်းခန်းတွင် Bhoomi Chauhan က ပြောကြားခဲ့သည်။ ၁၀ မိနစ်နောက်ကျခဲ့သည့်အတွက် လေယာဉ်နှင့် လိုက်ပါစီးနင်းခွင့်မရသည်ကို လေကြောင်းလိုင်းတာဝန်ရှိသူတို့နှင့် ဒေါသပုံထမိခဲ့သော်လည်း “Blessing in Disguise” ဆိုသည်ကို ကျွန်မ ကောင်းကောင်းနားလည်ပါသည်ဟု သူက ပြောကြားခဲ့သည်။ ဤအဖြစ်အပျက်တို့ကို ရှုမြင်သုံးသပ်ကြရာ လူတို့သည် ကံစီမံရာဆိုသည်ကို ပို၍ လက်ခံလာကြသည်။

**မနက်ဖြန်ဆိုသည် မသေချာ မရေရာ …**

ဒေါက်တာပရာတစ် ဂျိုရှီ (Dr Pratik Joshi) နှင့်ဇနီး ကိုမိ (Komi)၊ ကိုးနှစ်အရွယ် သမီးမိရာရာ (Miraya)၊ လေးနှစ်အရွယ် ယောကျ်ားလေးအမြွှာနာကူးနှင့် ပရာဒ်ရွပ် (Nakul and Pradyut) မိသားစုငါးဦးလုံး လေယာဉ်ပျက်ကျမှုကြောင့် အသက်ဆုံးရှုံးသွားကြသည်မှာ ကံစီမံရာကြောင့်ဟုဆိုလျှင် လက်ခံနိုင်ပါမည်လော။ ဤသို့ လက်ခံနိုင်ကြလိမ့်မည် မဟုတ်။ သေကံမရောက် သက်မပျောက်သည့် ခရီးသည်များနှင့် တစ်ကဏ္ဍစီ၊ သီးခြားစီဟု ဆိုရပေမည်။

ဒေါက်တာပရာတစ်ဂျိုရှီသည် ကွန်ပျူတာဆော့ပ်ဝဲကျွမ်းကျင်သူ လန်ဒန်၌ တစ်ဦးတည်း ခြောက်နှစ်ကြာနေခဲ့သည့်ကာလအတွင်း သူ၏ဇနီးနှင့် သားသမီးတို့ လန်ဒန်၌ မိသားစုအတူနေနိုင်ရန် ဗီဇာစာရွက်စာတမ်းများရရှိရေး ကြိုးပမ်းခဲ့သည်။ ဇနီးသည် ကိုမိ(Komi)သည် အိန္ဒိယဆေးရုံ Pathologist အလုပ်မှ နုတ်ထွက်ခဲ့သည်။ ကလေးသုံးဦးက သူငယ်ချင်းများကို Goodbye ဟု နှုတ်ဆက်ခဲ့ပြီး အမြွှာယောကျ်ားလေးနှစ်ဦးမှာ ကျောင်းကျောပိုးအိတ်ကိုဖက်ကာ “ကျွန်တော်တို့ လန်ဒန်မှာ စာသင်ကြမယ်။ အဘိုး DadaJ” ဟု ချစ်စဖွယ် ပြောခဲ့သည်။ စာမျက်နှာ ၇ သို့ ❒

> “သေခြင်းတရားသည် လက်တစ်ကမ်းသာရှိသည်ဟုဆိုသော်လည်း ဒဏ်ရာဒဏ်ချက်အနည်းငယ်ဖြင့် သေဘေးမှ လွတ်မြောက်လာသူ Ramesh အား သတင်းကြည့်ရှုနားထောင်သူ အများအပြားသည် သို့လော သို့လော ယုံရခက် မယုံရခက်ထိ ထိုသူ၏ ကံကြမ္မာကား ထူးခြားလွန်းလှ”









# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**စစ်တွေ ဇူလိုင် ၈**

၂၀၂၅ ခုနှစ် မိုးရာသီ အခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ ဓညဝတီ အားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ အားကစားအသင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်မှ လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ကျင်းပသည့်ဘောလုံးပြိုင်ပွဲဖြစ်ကြောင်း၊ ယနေ့ကျင်းပသော ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲတွင် မိမိတတ်ထားသော ဘောလုံးပညာဖြင့် သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်ကစားကြရန် ပြောကြားသည်။

ယင်းနောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး မိုးရာသီ အခြေခံပညာ ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပွဲစဉ်အဖြစ် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းအသင်းနှင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအသင်းများ၊ ပန်းဖွားအဖွဲ့နှင့် ဘင်ခရာအဖွဲ့တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



❐ စာမျက်နှာ ၆ မှ

ဒေါက်တာပရာတစ်ဂျိုရှိမိသားစု ငါးဦးလုံး ထိုနေ့ထွက်မည့် လေယာဉ်ထိုင်ခုံများမှာထိုင်ရင်း Selfie ဆွဲကာ မိသားစုချက် (Chat) ထံ ပို့ခဲ့သည်။ တစ်ကြောင်းသွားလက်မှတ်များ (one way Ticket) ဖြင့် ဘဝသစ်ဖန်တီးမည့်ခရီးဖြစ်သည်။

ကလေးများ၏ မျက်နှာများသည် ပျော်မဆုံး ရှိနေသည်ကို တွေ့လိုက်ရသည်။ သူတို့၏ကံကြမ္မာကား ဆိုးလိုက်လေခြင်း။ ခရီးဆုံး လန်ဒန်သို့မရောက်တော့၊ ပြေးလမ်းမှ မိနစ်ပိုင်းအတွင်း လေယာဉ်နှင့်အတူ ပျက်ကျ၊ အနာဂတ်အတွက် ပြင်ဆင်ထားသော အိပ်မက်များ ပြာကျသွားလေတော့သည်။

အိန္ဒိယလေကြောင်း AI 171 လေယာဉ်ပျက်ကျဆုံးရှုံးမှုအဖုံဖုံသည် သတင်းပုံဝတ္ထုတွေထက်ပိုသည်။ တွေ့ကြုံဆုံကွဲ တစ်ခရီးတည်းသွားကြသည့် လူ့ဘဝသည် ကြွေလွယ်၊ ကြေလွယ်တတ်သည်။ ကြံစည်စိတ်ကူးမှု၊ မျှော်လင့်ချက်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်



ကံကြမ္မာဆိုးနှင့်ကြုံခဲ့ရသည့် မိရာရာ၊ နာကူးနှင့် ပရာဒ်ရှပ်

မြတ်နိုးမှုများသည် အပ်ချည်မျှင်တစ်မျှင်ဖြင့် ဆွဲထားသကဲ့သို့ ခိုင်မြဲမှုရှိရန် ခက်လှသည်။ မရေရာ မသေချာမှုများနှင့် ကြုံတတ်သည်။ ထို့ကြောင့် ချစ်ရသူများနှင့် ကွေ့ကွင်းရခြင်း၊ မျှော်လင့်ချက် ရောင်ခြည်များအား လက်လွှတ်လိုက်ရခြင်းသည် ကံစီမံ၍မဟုတ်၊ သဘာဝတရားကြီးအရ ဖြစ်လာကြသည်ဟု လက်ခံရလိမ့်မည်။ ဤသို့ အသိရှိလိုက်သည်တွင် ကျွန်တော်၊ ကျွန်မတို့သည် အဓိပ္ပာယ်ရှိသောစကားများ ပြောကြပါ။ ကာယကံမှု၊ ဝစီကံမှုကို မေတ္တာဖြင့်ပြုလုပ်ကြပါ။ အချိန်မဆွဲလေနှင့်၊ အကြောင်းဟူမှု မနက်ဖြန်ဆိုသည် မသေချာမရေရာသောကြောင့်ဖြစ်သည်။



သေကံမရောက် သက်မပျောက်သည့် စီးပွားရေးကျောင်းသူ Bhoomi Chauhan

ကံစီမံရာဆိုသည်ထက် သဘာဝတရားကြီးအရ ဖြစ်ပျက်ရသည့် ဖြစ်ရပ်တစ်ခုရှိပါသေးသည်။ အင်္ဂလန် ယူကေ၌ နေထိုင်သူ ဂျေ့ပ် အလီဆိုင်ရက် (Javed Ali Syed)၊ ဇနီး မာရီယမ်(Mariam) နှင့် ချစ်စဖွယ်ကလေးနှစ်ယောက်တို့သည် မွမ်ဘိုင်း (Mumbai) မာလစ်မြို့နယ်တွင် နေထိုင်သည့် နာမကျန်းဖြစ်နေသော မိခင်ကြီးအား ကြည့်ရှုရန်၊ ဆွေမျိုးများနှင့် အစ်ပွဲကျင်းပရန်၊ မိရိုးဖလာယုံကြည်ကိုးကွယ်မှုပွဲ ပျော်ရွှင်စွာကျင်းပရန် ယူကေမှ အိန္ဒိယသို့ ပြန်လာကြခြင်းဖြစ်သည်။ သူတို့တစ်တွေသည် ချမ်းသာသူများမဟုတ်။ ဆယ်လီများလည်းမဟုတ်။ အများနည်းတူ မျှော်လင့်ချက်များ ရင်ဝယ်ပိုက်ကာ ယဉ်ကျေးမှု မတူညီကြသည့်ကြား ကလေးများအား ပညာရေး၊ ကျန်းမာရေးနှင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးရေးအတွက် မြေတောင်မြှောက်ပေးကြသူများဖြစ်သည်။

ဂျေ့ပ်အလီဆိုင်ရက်သည် ယောကျ်ားကောင်းတစ်ယောက်၊ မိသားစုက မှီခိုအားထားရသော အလုပ်ကို ကြိုးစားလုပ်ကိုင်သူ၊ သူ့အတွက် အခက်အခဲဟူသည်မရှိ၊ ဘဝကိုရဲဝံ့စွာ ဖြတ်သန်းနေသူဖြစ်သည်။ ဇနီးမာရီယမ်သည် နွေးထွေးမှု၊ ကြင်နာမှုအပြည့် ပြုံးရယ်ကာ မိသားစုဘဝ သာယာရေး တစ်ဖက်တစ်လမ်းမှ ထိန်းကျောင်းပေးနေသူဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်နှင့် မေတ္တာတရားကို လက်ကိုင်ထားသူ ဖြစ်သည်။ အမ်မနီ (Amani) က ၆ နှစ်အရွယ် ယူကေကျောင်း၌ စတင်တက်လျက် မီးဖိုချောင်အတွင်းက မိခင်၏အလုပ်ကို နိုင်သလောက်ကူညီပေးသည်။ လေးနှစ်အရွယ် ဇာရမ်း(Zayn)သည် ကစားမက်သော ယောကျ်ားလေး၊ တစ်အိမ်လုံးက ရယ်မောရသဖြင့် ဝိုင်း၍ချစ်ကြသည်။

လန်ဒန်မပြန်မီ နောက်ဆုံးရက်များတွင် ချစ်ခင်ရသူများနှင့် ဝိုင်းဝိုင်းလည်ကာ ပျော်ကြ၊ ပါးကြသည်၊ ဆုတောင်းဝတ်ပြုကြသည်။ ကောင်းမှုမှန်သမျှ မြတ်နိုးကြသူများဖြစ်သည်။ နောက်နေ့လေယာဉ်ခရီးစဉ်တွင် မိသားစုတစ်ခုလုံး တစ်မုဟုတ်ချင်းဆိုသလို ဤကမ္ဘာကြီးမှ ထွက်ခွာသွားကြလေပြီ။ ဤသူတို့အား ကံစီမံရာဟုဆိုလျှင် သင့်မြတ်ပါ၏လော။ သဘာဝတရားကြီးအရ ကံကုန်ခြင်းဟု မှတ်ယူကြရမည်သာဖြစ်၏။ ကောင်းအောင် ကြိုးစားသူများဖြစ်၍ ထိုထိုသောသူတို့၏ ဝိညာဉ်များသည် ထာဝရငြိမ်းချမ်းရာတွင် အနားယူဖို့ ဖြစ်သည်ဟု မှတ်ယူကြကုန်လော့။

အသက် ၅၀ ကျော် Rajnikant နှင့်ဇနီး Dvyam ben တို့သည် ဇွန်လ ၂၃ ရက်နေ့တွင် Middlesex တက္ကသိုလ်မှ ဘွဲ့ယူမည့် သမီး Devant ကို အံ့အားသင့်အောင် ဇွန်လ ၁၇ ရက်နေ့စွဲဖြင့် ဝယ်ထားသည့် လေယာဉ်လက်မှတ်ကို ဇွန်လ ၁၂ ရက်နေ့သို့ ပြောင်းလိုက်ပါသည်။ လေယာဉ်ပျက်ကျမည့်ရက်နှင့် ကြုံရဖို့ဖြစ်လာလေသလော၊ ဘယ်လိုပြောရပါလိမ့်။ လျှင်ဘယ်တော့လှုပ်မလဲဆိုတာ ဘူမိပညာရှင်တွေ ကြိုတင်မသိနိုင်သည်ထက် ယခုကမ္ဘာ့လေကြောင်း AI 171 ပျက်ကျမည်ဆိုသည်ကို ကြိုတင်သိနိုင်စရာ လုံးဝအကြောင်းမရှိ။ ဘဝကံကြမ္မာဆိုသည်မှာ ဘယ်လိုမှ ကြိုတင်သိနိုင်စရာ အကြောင်းမရှိဘူးဆိုသည်ကို တွေ့ရပါသည်။ ဇနီးမောင်နှံနှစ်ဦးသည် လေယာဉ်နှင့်လိုက်မည့် ဇွန်လ ၁၂ ရက်နေ့ကို ဇနီးသည်က နောက်ရက်သို့ ပြောင်းလိုက် ကြစို့ဆိုသည်နှင့် လေယာဉ်ပျက်ကျမည့်ကံကြမ္မာဆိုးက လွတ်သွားသည်လည်း တွေ့ရပြန်သည်။

**ဘဝကူးပြောင်းခြင်းသာ**

ယခုကဲ့သို့ AI 171 လေယာဉ်ပျက်ကျမှုတွင် အသက်ဆုံးရှုံးသွားသည့် ၂၄၁ ဦးသည် လူဆိုးတွေမို့ ကံဆိုးသည်မဟုတ်။ သဘာဝတရားကြီးအရ မတည်မြဲခြင်းနှင့် ဘဝကူးပြောင်းခြင်းသာဖြစ်သည့်အတွက် လူသားဆန်သည့် ကမ္ဘာသူ ကမ္ဘာသားများက (May all Souls Rest in Peace) **"ခင်ဗျားတို့တစ်တွေရဲ့ ဝိညာဉ်တွေဟာ ထာဝရငြိမ်းချမ်းတဲ့ဘဝမှာ အနားယူနိုင်ကြပါစေ"** ဟု ဆုတောင်းသံတွေကြားရပါသည်။ ဤကမ္ဘာကြီးမှပျောက်ကွယ်သွားကြသော်လည်း ကောင်းသောဘုံဘဝသို့ ရောက်ရှိခြင်းသာဖြစ်သည်ဟု အများက ယုံကြည်ကြပါသည်။

ကျန်ရစ်သူမိသားစုများ၏ ပူဆွေးမှုကို ကျွန်တော်၊ ကျွန်မတို့ မျှဝေခံစားနေပါသည်။ ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ယူကျုံးမရဖြစ်ရပါသည်။ ဘဝကံကုန်ဆုံး၊ မျှော်မှန်းချက်ပန်းတိုင်များ ပျောက်ကြသူများအားလုံးအား ဝမ်းနည်းကြေကွဲခြင်းများစွာဖြင့် အနီးအဝေးမိတ်ဆွေများ၊ ယဉ်ကျေးသည့် ကမ္ဘာသူ ကမ္ဘာသားများက ဤသို့ပြောကြ၊ ရေးကြ၊ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ကြ၏ဆိုသည်ကို တွေ့ရပါသည်။

**❛ အိန္ဒိယလေကြောင်း AI 171 လေယာဉ်ပျက်ကျဆုံးရှုံးမှု အဖုံဖုံသည် သတင်းပုံဝတ္ထုတွေထက်ပိုသည်။ တွေ့ကြုံဆုံကွဲ တစ်ခရီးတည်းသွားကြသည့် လူ့ဘဝသည် ကြွေလွယ်၊ ကြေလွယ်တတ်သည်။ ကြံစည်စိတ်ကူးမှု၊ မျှော်လင့်ချက်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်မြတ်နိုးမှုများသည် အပ်ချည်မျှင်တစ်မျှင်ဖြင့် ဆွဲထားသကဲ့သို့ ခိုင်မြဲမှုရှိရန် ခက်လှသည်။ မရေရာမသေချာမှုများနှင့် ကြုံတတ်သည်။ ထို့ကြောင့် ချစ်ရသူများနှင့် ကွေ့ကွင်းရခြင်း၊ မျှော်လင့်ချက် ရောင်ခြည်များအား လက်လွှတ်လိုက်ရခြင်းသည် ကံစီမံ၍မဟုတ်၊ သဘာဝတရားကြီးအရ ဖြစ်လာကြသည်ဟု လက်ခံရလိမ့်မည်။ ဤသို့ အသိရှိလိုက်သည်တွင် ကျွန်တော်၊ ကျွန်မတို့သည် အဓိပ္ပာယ်ရှိသောစကားများ ပြောကြပါ။ ကာယကံမှု၊ ဝစီကံမှုကို မေတ္တာဖြင့်ပြုလုပ်ကြပါ။ အချိန်မဆွဲလေနှင့်၊ အကြောင်းဟူမှု မနက်ဖြန်ဆိုသည် မသေချာမရေရာသောကြောင့်ဖြစ် ❜**

**(ဆက်လက်ဖော်ပြပါမည်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် လင်းခေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**လင်းခေး ဇူလိုင် ၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့က လင်းခေးမြို့ ဘုရင့်နောင်ရိပ်သာ၌ လင်းခေးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။



တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေးကဏ္ဍတွင် ထုတ်ကုန်နှစ်ဆတိုးမြှင့်ကြဆိုသည့်အတိုင်း သီးထပ်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မွေးမြူရေးကဏ္ဍကို တိုးတက်အောင်မြင်စေရေး၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများအနေဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးကြရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများမှ လိုအပ်ချက်များကို တင်ပြဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် နေရောင်ခြည်စွမ်းအင်သုံး 30 MW Solar Power System ဓာတ်အားပေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ဆိုလာစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆိုလာတပ်ဆင်မည့် မြေဧရိယာကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် လင်းခေးမြို့နယ် ပုန်းထွန်ကျေးရွာအုပ်စုရှိ မိုးနှမ်းအကွက်ကျယ် စံပြကွက်စိုက်ပျိုးသည့် တောင်သူများအား ပံ့ပိုးပစ္စည်းပေးအပ်ပွဲသို့ တက်ရောက်ပြီး တောင်သူများအတွက် ဓာတ်မြေဩဇာများ ပေးအပ်ကာ တောင်သူများ၏ တင်ပြမှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကုန်းကျိုင်းကျေးရွာအုပ်စုတွင် တစ်ဆက်တစ်စပ်တည်း ပဲပုပ်သီးနှံ ဧက ၁၀၀ စံပြစိုက်ကွင်းကိုကြည့်ရှုပြီး တောင်သူများအတွက် ဓာတ်မြေဩဇာများပေးအပ်ကာ တောင်သူဦးစိုင်းမွမ်း၏ ရေဆင်း ၁၅ ပဲပုပ်စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒုတိယဝန်ကြီး ဦးရဲတင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးများ၊ စာကြည့်တိုက်များနှင့် အသံလွှင့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၈**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။



ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ ရောက်ရှိကာ ခရိုင်ရုံးစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပဲခူးထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးနှင့် သတင်းဌာနရုံးခွဲ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးကာ ထုတ်လွှင့်မှု မပြတ်တောက်စေရေး၊ စက်ပစ္စည်းများ ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းပြီး မီးဘေးအန္တရာယ်ဂရုပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်(၆)ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း အသိပညာဗဟုသုတပြည့်ဝအောင် ကြိုးစားဖြည့်ဆည်းကြရေး၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ရေးနှင့် စိတ်ကောင်းစေတနာအပြည့်ဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အလေးထားဆောင်ရွက်ပေးကြရန် မှာကြားပြီး ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အဖွဲ့ဝင် ဒုတိယဝန်ကြီးသည် ပဲခူးမြို့နယ် ဘုရားကြီးမြို့ အခြေခံပညာအထက်ကျောင်းသို့ရောက်ရှိပြီး ခရိုင်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ စာပေ သင်ကြားသင်ယူမှုများကို အားပေးကြည့်ရှုသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့် အခြေခံကျောင်းများ၏ ရည်မှန်းချက်နှင့်အညီ ဘက်စုံထူးချွန်ထက်မြက်သည့် ပညာတတ်များ ဖြစ်ပေါ်လာရေး၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့် ဆောင်ပုဒ်အတိုင်း ကျင့်ဝတ်စည်းကမ်း ကောင်းမွန်သည့် လူငယ်များ ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေး၊ နိုင်ငံတော်အကြီးအကဲကလည်း ပညာရေးကို မြှင့်တင်ကြရန် အစဉ်တိုက်တွန်းနှိုးဆော်လျက်ရှိပြီး စာသင်ကျောင်းများက စာပေသာမက စိတ်ဓာတ်နှင့် စည်းကမ်း ကောင်းမွန်စေရန်နှင့် ဗလငါးတန်ပြည့်ဝစေရန် မကြာခဏ မှာကြားလျက်ရှိကြောင်း၊ ထို့ပြင် ငယ်စဉ်ကတည်းက ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ သိရှိနားလည်ပြီး စည်းကမ်းလိုက်နာတတ်သည့် အလေ့အထကို ပြုစုပျိုးထောင်ကြစေလိုကြောင်း၊ အတတ်ပညာသာမက အသိပညာ ဗဟုသုတကြွယ်ဝလျက် အသိဉာဏ်ပညာပြည့်ဝပြီး နိုင်ငံ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည့် လူတော်လူကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း။

ကျောင်းသားဘဝတွင် ပညာရှာဖွေရန်သာဖြစ်ပြီး ဘဝအတွက် ကောင်းကျိုးမပြုသည့် မူးယစ်ဆေးဝါး၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို ရှောင်ရှားကြစေလိုကြောင်း၊ သားသမီး ဝတ္တရား၊ တပည့်ဝတ္တရား ကျေပွန်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသောစာအုပ်စာစောင်များနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက လှူဒါန်းသော အားကစားပစ္စည်းများကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ခရိုင်ပညာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ အာဇာနည်နေ့အကြို စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပိန္နဲကုန်းရပ်ကွက်စာကြည့်တိုက်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အကြို စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စာကြည့်တိုက်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ဟောပြောပွဲတွင် ပိန္နဲကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်နိုင်၊ မြို့မိ မြို့ဖ စာရေးဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)နှင့် ရပ်ကွက်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးတင်ဌေးအောင်(ရန်မိုးအောင်-အင်းစိန်)တို့က အမှာစကားပြောကြားပြီး ဆရာကြီး ဒေါက်တာမြင့်ခိုင်(ဥဂ္ဂါညို- ဒီပဲယင်း)၊ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် ဒေါ်ဖြူဖြူဥ(လေဒီဒိုင်းမွန်း)တို့က မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဆွေးနွေးဟောပြောခဲ့ကြကာ စာကြည့်တိုက်အတွက် စာအုပ်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အင်းစိန်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)က ကျေးဇူးတင်စကားပြောကြား၍ စာကြည့်တိုက်နာယက စိန်ညိုမြင်း(ထန်းတပင်)က နိဂုံးချုပ်စကားပြောကြားကာ စာကြည့်တိုက်ကော်မတီဝင်များက ရပ်ကွက်အတွင်းရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



# ကျိုက်မရောမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် RS–CS မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများ သွင်းအားစုချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

**မော်လမြိုင် ဇူလိုင် ၈**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ် ကျုံစိန်ကျေးရွာ တောင်သူ ဦးငွေရလယ်မြေ၌ ကျင်းပသည့် ကြခင်းစနစ်လျှော့ချရေးအတွက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် RS–CS မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများအား သွင်းအားစု ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။



**ဝိုင်းဝန်းပံ့ပိုးပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ်သည် ကြခင်းစနစ်ဖြင့် စိုက်ပျိုးခြင်းပပျောက်စေရေးနှင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် ကြခင်းများ လျော့နည်းစေရေးအတွက် လက်ဆွဲကောက်စိုက်စက်၊ ကောက်စိုက်စက်၊ စပါးမျိုးစေ့ချကိရိယာများနှင့် ပျိုးထောင်စိုက်ပျိုးခြင်းများ စိုက်ပျိုးဆောင်ရွက်ခဲ့ပါကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေး၊ သီးထပ်စွမ်းအား သီးနှံစိုက်စွမ်းအားတိုးတက်စေရေးအတွက်တောင်သူဦးကြီးများက တက်ညီလက်ညီ ဝိုင်းဝန်းပံ့ပိုးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက RS–CS မျိုးစေ့ထုတ် အကျိုးဆောင်တောင်သူများအား သွင်းအားစုများ ချီးမြှင့်ပေးအပ်ပြီး ဒေသခံတောင်သူများ၏ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ Seeder စနစ်ဖြင့် တိုက်ရိုက်မျိုးစေ့ချ ဆောင်ရွက်နေမှုနှင့် မိုးစပါး မျိုးစေ့ထုတ်စိုက်ခင်းများကို သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက်အချိုးကျ ကြဲပက်နေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

**မှာကြား**

ယင်းနောက် မုဒုံမြို့နယ် တာပသွန်ကျေးရွာ အုပ်စု Sen Hui Yuan Co., Ltd. ရော်ဘာသစ်ခွဲသား စက်ရုံသို့ ရောက်ရှိကာ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ ခွင့်ပြုထားသော အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၂ သန်း ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည့် Sen Hui Yuan Co., Ltd. ရော်ဘာသစ်ခွဲသားစက်ရုံ လည်ပတ်မှုအခြေအနေ၊ ရော်ဘာသစ်ခွဲသားအဆင့်ဆင့် ထုတ်လုပ်မှုအခြေအနေတို့ကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က Sen Hui Yuan Co., Ltd. ရော်ဘာသစ်ခွဲသား စက်ရုံ လည်ပတ်မှုအတွက် လျှပ်စစ်မီးရရှိမှု အခြေအနေနှင့် မွန်ပြည်နယ်အတွင်း ကုန်ကြမ်းရရှိစေရေး ကိစ္စတို့ကိုမှာကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း ဥတ္တရသီရိမြို့နယ်အတွင်း ရာသီပြည့်သီးနှံစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇူလိုင် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ရာသီပြည့် သီးနှံစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။



**ပြောကြား**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နိုင်ငံတော် အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် လယ်ယာကဏ္ဍ အခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက် ထုတ်လုပ်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းသော သီးနှံများနှင့် သား၊ ငါး ကဏ္ဍများ ဖွံ့ဖြိုးလာရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သီးနှံများ ရာသီပြည့်စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့် အညီ စိုက်ပျိုးဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကိုဆွေးနွေးတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော် ကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# တပ်ကုန်းမြို့နယ်၌ နွေစပါးနှံကောက်စံကွက်ရိတ်သိမ်း

**တပ်ကုန်း ဇူလိုင် ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းပြီး ခေါင်နှံမျိုးသန့် ရွေးချယ်စိုက်ပျိုးထားသည့် ဧက ၃၀ စိုက်ကွင်းအတွင်း နွေစပါးနှံကောက် စံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက တောင်သူဦးမြရွှေ၏ လယ်မြေတွင် ကျင်းပခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအေးမင်းထွန်းနှင့် တောင်သူပညာပေးဝန်ထမ်းများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ညောင်တုန်းအိုင်၊ ညောင်ကုန်း၊ ရေအေး၊ တရော်ပင်အင်း၊ ကြံခင်းကုန်း ကျေးရွာများမှ စပါးစိုက်တောင်သူများ တက်ရောက်ကြသည်။

ထိုစံကွက်ရိတ်သိမ်းရာတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက်ရောက်လာသည့် တောင်သူများနှင့်အတူ နွေစပါးနှံကောက် နှစ်ဧကစိုက်ခင်းတွင် ရိတ်ခြွေစက်ဖြင့် လက်တွေ့စံကွက် ရိတ်သိမ်းပြသခဲ့ရာ တစ်ဧကလျှင် အစို တင်း ၁၃၀ နှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# မိုးများ၍ မန်းရွှေစက်တော်ဘုရားကြီးတွင် မန်းချောင်းရေ ဒုတိယအကြိမ် ဖြတ်ကျော်စီးဆင်း



**မင်းဘူး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက မန်းရွှေစက်တော်ဘုရားကြီးရှိ အောက်စက်တော်ရာ ရင်ပြင်အထက် မန်းချောင်းရေများ ဒုတိယအကြိမ် ဖြတ်ကျော်စီးဆင်းလျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုရက်ပိုင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေစက်တော်မန်းချောင်းအတွင်း၌ ဇူလိုင် ၇ ရက် ညနေပိုင်းမှစတင်ကာ မန်းချောင်းရေများ တဖြည်းဖြည်း တိုးမြင့်ဝင်ရောက်စီးဆင်းလျက်ရှိကြောင်း၊ ယခုလက်ရှိ အောက်စက်တော်ရာ နဂါးအိုင်ဘက်ခြမ်းမှစ၍ ရင်ပြင်တော်အထက်သို့ မန်းချောင်းရေများ စတင်ဝင်ရောက်စီးဆင်းနေပြီဖြစ်ကြောင်း၊ မန်းချောင်းအတွင်း ရေကြီးမှုဖြစ်ပွားရခြင်းမှာ မန်းရွှေစက်တော်ဘုရားအထက်ပိုင်းရှိ ဒေသများ၌ နေ့စဉ် မိုးများရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများ ပန်းထိမ်းမန်းချောင်းနှင့် ငဖဲမန်းချောင်းအတွင်းသို့ စီးဆင်းဝင်ရောက်ကာ အဆိုပါမန်းချောင်းများမှတစ်ဆင့် ရွှေစက်တော်မန်းချောင်းအတွင်းသို့ဖြတ်သန်းစီးဆင်းခြင်းဖြစ်ကြောင်း၊ အဆိုပါ မန်းချောင်းရေများသည် ရွှေစက်တော်မန်းချောင်းမှတစ်ဆင့် မင်းဘူး(စကု) မြို့နယ်အတွင်းသို့ ဆက်လက်ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်းသို့ စီးဆင်းဝင်ရောက်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ယခုနှစ် မိုးရာသီကာလ မန်းရွှေစက်တော်ဘုရားကြီးတွင် မိုးများ၍ မန်းချောင်းရေကျော်ခြင်းမှာ ဒုတိယအကြိမ်ဖြစ်ပြီး ဇွန် ၂၂ ရက်က အောက်စက်တော်ရာ ရင်ပြင်အထက် မန်းချောင်းရေ တစ်ပေခန့် ပထမအကြိမ်အဖြစ် ဖြတ်ကျော်စီးဆင်းခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

ဤ “ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း” စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၆-၅-၂၀၂၅ ရက်နေ့မှအဆက်)

**ဘုရားရှင်က စန္ဒာဘပုဏ္ဏားကို ချေချွတ်ခြင်း**

ရာဇဂြိုဟ်ပြည်၌ ပုဏ္ဏားမျိုးနွယ်မှ မွေးဖွားသော ပုဏ္ဏားငယ်တစ်ဦးရှိသည်။ ၎င်းသည် ရှေးအတိတ်ဘဝက ဇနပုဒ်သား ဆင်းရဲသားတစ်ယောက်ဖြစ်ခဲ့ပါသည်။ သူသည် ပရိနိဗ္ဗာန်ပြုတော်မူသော “ကဿပ” ဘုရားရှင်၏ ရွှေစေတီဝမ်း၌ စန္ဒကူးနံ့သာဖြင့် လဝန်းသဏ္ဍာန် ပြုလုပ်ပူဇော်ခဲ့သည်။ ယင်းသို့ပြုလုပ်ခဲ့သည့် ကုသိုလ်ကံကြောင့် သူ၏ချက်ဝန်းမှာ လဝန်းသဏ္ဍာန်နှင့်တူကာ ထွန်းလင်းတောက်ပလာသည်။ ထို့ကြောင့် သူ့အား “စန္ဒာဘ” (လရောင်) ဟု အမည်တွင်လေသည်။

ပုဏ္ဏားအပေါင်းတို့ ဤ “စန္ဒာဘ” (လရောင်)ကို ဗန်းပြ၍ မဟုတ်မမှန်ပြောဆိုပြီး လှည့်ဖြားလုပ်ဆောင်လျှင် ကောင်းလေစွဟု ပုဏ္ဏားများက တိုင်ပင်ကြံစည်ကြသည်။ ၎င်းတို့ ကြံစည်သည့်အတိုင်း “စန္ဒာဘ”ကို ယာဉ်၌တင်ပြီး လှည့်လည်၍ သွားကြလေသည်။ “၎င်းကို ထိတွေ့ကိုင်တွယ်ရသူသည် ဤသို့သော စည်းစိမ်ချမ်းသာကို ရနိုင်သည်” ဟူ၍ ကြွားဝါပြောဆိုကာ ဇမ္ဗူဒိပ်အနှံ့အပြား လှည့်လည်ကြကုန်၏။ ၎င်းကိုလည်း ငွေတစ်ရာ၊ တစ်ထောင်ပေးနိုင်သောသူများကိုသာ ထိတွေ့ကိုင်တွယ်ခွင့်ပြုကြလေ သည်။

ပုဏ္ဏားတို့သည် အစဉ်အတိုင်း လှည့်လည်ရာ နောက်ဆုံးတွင် သာဝတ္ထိပြည်သို့ ရောက်လာကြကုန်သည်။ မြို့နှင့် ဇေတဝန်ကျောင်းကြားတွင် တည်းခိုရန် နေရာယူကြလေသည်။ သာဝတ္ထိပြည်မှ အရိယာဥပါသကာတို့သည် ဘုရားရှင်ထံသို့ တရားနာရန် နံနက်စောစော ဇေတဝန်ကျောင်းသို့ သွားကြသည်။ ထိုအခါ၌ “စန္ဒာဘ”ကို ယာဉ်ဖြင့် တင်ဆောင်လာကြသည့် ပုဏ္ဏားတို့သည် ဥပါသကာတို့ကိုမြင်လေသော် “သင်တို့ဘယ်သွားကြမည်လဲ” ဟု မေးလေသည်။ ဘုရားရှင်ထံသို့ တရားနာရန် သွားမည်ဖြစ်ကြောင်း ဖြေကြသည်။ ထိုပုဏ္ဏားတို့က ဥပါသကာတို့အား “အမောင်တို့ လာကြလော့။ ဘုရားရှင်ထံသို့သွား၍ တရားနာကြလျှင် ဘယ်အကျိုးကိုရအံ့နည်း။ ငါတို့သည် “စန္ဒာဘ” ပုဏ္ဏား၏ အာနုဘော်နှင့်တူသော တခြားအာနုဘော်သည်မရှိ။ ဤစန္ဒာဘပုဏ္ဏား၏ကိုယ်ကိုတွေ့ထိကိုင်တွယ်ရသောသူတို့သည် ဤမည်သော ချမ်းသာအကျိုးစီးပွားကိုရကြကုန်၏။ ဤစန္ဒာဘပုဏ္ဏားကို လာကြည့်ကြလော့”ဟု ပြောဆို၍ ဖိတ်ခေါ်လေသည်။

ထိုအရိယာပုဂ္ဂိုလ်တို့ကလည်း “သင်ပုဏ္ဏားတို့ “စန္ဒာဘ”၏ အာနုဘော်ကား အဘယ်နည်း။ ငါတို့၏ ဘုရားရှင်သာလျှင် လောက၌ အမြတ်ဆုံးဖြစ်သည်” ဟူ၍ ပြောဆိုကြကုန်သည်။ ဤသို့ဖြင့် အပြန်အလှန်ပြောဆိုပြီးနောက် “ဘယ်သူက အာနုဘော်ကြီးမြတ်ကြောင်း သိသာရန်စုံစမ်းကြစို့”ဟု ပြောဆိုပြီး သဘောတူကြလေသည်။

ထိုပုဏ္ဏားတို့သည် “စန္ဒာဘ” ပုဏ္ဏားကို ယာဉ်ပေါ်တင်ကာ ဇေတဝန်ကျောင်းသို့ ခေါ်သွားကြပြီး ဘုရားရှင်ထံသို့ ရောက်လာကြသည်။ ဘုရားရှင်သည် ၎င်းတို့လာရောက်ကြမည်ကို ကြိုတင်သိ၍ အဓိဋ္ဌာန်တန်ခိုးဖြင့် ပြုထားသောကြောင့် “စန္ဒာဘ”၏ အလင်းရောင်သည် ဘုရားရှင်ရှေ့မှောက်သို့ ရောက်သောအခါ ကျီးမည်းပမာ အလင်းရောင်ထွက်၍ နဂိုအလင်းရောင် ပျောက်သွားလေသည်။

ထိုအခါ ပုဏ္ဏားတို့သည် စန္ဒာဘကို လွတ်ရာနေရာသို့ခေါ်သွားလျှင် ၎င်း၏ချက်လမင်းရောင် နဂိုအတိုင်း ထွန်းလင်းလာသည်။ ဘုရားရှင်ရှေ့သို့ရောက်လျှင် ၎င်း၏အလင်းရောင်သည် ပျောက်ကွယ်သွားသည်။ ဤသို့ဖြင့် သုံးကြိမ်တိုင်တိုင် ပုဏ္ဏားတို့ လုပ်ဆောင်ကြသည်။ ဘုရားရှင်ထံသို့ရောက်လျှင် ၎င်း၏အလင်းရောင် ပျောက်ကွယ်သွားလေသည်။ စန္ဒာဘပုဏ္ဏားသည် ဘုရားရှင်အား “တပည့်တော်၏ အလင်းရောင် ပျောက်ကွယ်စေတတ်သောမန္တန်ကို သိပါသလော” ဟု မေးလျှောက်လေသည်။ ထိုအခါ ဘုရားရှင်ကလည်း “သိပါသည်” ဟု မိန့်မြွက်ဖြေကြားသည်။

စန္ဒာဘပုဏ္ဏားသည် “ဘုရားရှင်ထံမှ ဤမန္တန်ကို ပေးသနားတော်မူပါ” ဟု တောင်းပန်လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း “ရဟန်းမဟုတ်သောသူတို့အား ပေး၍မရနိုင်ကြောင်း” မိန့်မြွက်လေသည်။ စန္ဒာဘပုဏ္ဏားသည် သူ့ပုဏ္ဏားအဖော်တို့အား “ငါသည် ဤမန္တန်ကို ယူပြီးသော် ဤဇမ္ဗူဒိပ်အားလုံး၌ အကြီးမြတ်ဆုံးဖြစ်မည်။ သင်တို့ သာဝတ္ထိပြည်တွင် နှစ်ရက်၊ သုံးရက်မျှ ခိုအောင်း၍ စောင့်ဆိုင်းကြလော့” ဟု ပြောပြီး ဘုရားရှင်ထံ၌ ရဟန်းပြုလေသည်။ ၎င်းရဟန်းပြုပြီးသော် ဘုရားရှင်သည် “ဒွတ္တိံသကာရ” (၃၂ ကောဋ္ဌာသ) ကမ္မဋ္ဌာန်းကို သရဇ္ဈာယ်၍ ဝိပဿနာတရားကို ဟောကြားသည်။ စန္ဒာဘပုဏ္ဏားသည် ဘုရားရှင် ဟောကြားသည့်တရားကို နာကြားပြီး ဝိပဿနာတရားကို နှစ်ရက်၊ သုံးရက်ကြာ တရားအားထုတ်ရာ သုံးရက်အကြာတွင် ရဟန္တာဖြစ်သွားလေသည်။

ထို့နောက် “စန္ဒာဘ”၏ ပုဏ္ဏားများသည် လာရောက်၍ ၎င်းအား လာခေါ်ကြလေသည်။ စန္ဒာဘပုဏ္ဏားက သူ့အဖော်ပုဏ္ဏားများအား “ယခုအခါ ငါသည် လူ့ဘောင်သို့ ပြန်လာခြင်းသဘောမရှိပေ။ သင်တို့ သွားကြလော့” ဟုဆို၍ သူ့အဖော်ပုဏ္ဏားများကို နှင်ထုတ်လေသည်။

**အရိုးခေါက် ဗေဒင်ဆရာ“ဝင်္ဂီသ”ကို ချေချွတ်ခြင်း**

ရာဇဂြိုဟ်ပြည်တွင် ပုဏ္ဏားတစ်ဦးရှိသည်။ ၎င်းသည် “ဝင်္ဂီသ”ဟု အမည်ရသည်။ သူသည် အရွယ်ရောက်သော် ပုဏ္ဏားတစ်ဦးထံ၌ ဗေဒင်သုံးပုံကို သင်ကြားတတ်မြောက်သည်။ ထို့ပြင် ၎င်းကို ဆရာက ချစ်မြတ်နိုး၍ အလွန်ထူးဆန်းသော အတတ်ပညာတစ်မျိုးကို သင်ပေးသည်။ ဤပညာမှာ “ဘဝသီသမန္တန်”ဖြစ်ပြီး သင်ယူတတ်မြောက်ခဲ့သည်။ သူသည် ထိုမန္တန်ကိုစုတ်၍ သေသောသူ၏ ဦးခေါင်းခွံတို့ကို လက်သည်းဖြင့် တီးခေါက်ကြည့်လျှင် ဤသူသည် ဘယ်ဘဝ၌ရှိသည်ကို သိသည်။ ငရဲ၌ဖြစ်သည်။ တိရစ္ဆာန်၌ဖြစ်သည်။ ပြိတ္တာဘုံ၌ဖြစ်သည်။ လူ့ပြည်၌ဖြစ်သည်။ နတ်ပြည်၌ဖြစ်သည် စသည်ဖြင့် ၎င်းတို့ ရောက်ရှိရာဘဝကို သိစေသည်။

“ဝင်္ဂီသ” ပုဏ္ဏားကို ပုဏ္ဏားတို့က ပုဆိုးအနီနှစ်ထပ်ဝတ်ရုံစေပြီး ဖုံးကွယ်ထားသောယာဉ်ပေါ်တွင်ထိုင်စေ၍ ရွာနိဂုံးမင်းနေပြည်တော်တို့ကို လှည့်လည်လျက် မြို့ရွာနိဂုံးတို့၌ စခန်းချကာ လူအများ စုရုံးကြသောအခါ ဝင်္ဂီသလုလင်ကိုမြင်ရလျှင် မြင်သူသည် ဥစ္စာကိုလည်းရ၏၊ အခြံအရံ အကျော်အစောကိုလည်းရ၏၊ နတ်ပြည်လည်း ရောက်ရ၏ဟု ဝါဒဖြန့်စကားဖြင့် ကြော်ငြာပြောကြကုန်သည်။

လူတို့က “ဝင်္ဂီသပုဏ္ဏားသည် ဘယ်ကဲ့သို့အာနုဘော်ရှိမည်နည်း” ဟူ၍ မေးကြကုန်သည်။ ပုဏ္ဏားတို့က “ဆရာဝင်္ဂီသနှင့်တူသော ပညာရှိ ဤဇမ္ဗူဒိပ်၌မရှိ။ ဤဆရာသည် သုံးနှစ်အထက်က ကွယ်လွန်ခဲ့သောသူများ၏ ဦးခေါင်းခွံကို လက်သည်းဖြင့် ခေါက်ကြည့်လျှင် ဤမည်သော ပုဂ္ဂိုလ်တို့ ဘယ်ဘဝ၌ ရောက်နေသည်ကိုသိသည်” ဟူ၍ ဆိုကြကုန်သည်။ လူတို့က ၎င်းတို့၏ဆွေမျိုး ဦးခေါင်းခွံများကို ငွေတစ်ဆယ်၊ နှစ်ဆယ်၊ တစ်ရာတို့ကိုပေး၍ မေးကြလေသည်။ ဤသို့ဖြင့် လှည့်လည်ကာ ထိုပုဏ္ဏားတို့သည် သာဝတ္ထိပြည်သို့ရောက်ကြ၍ ဇေတဝန်ကျောင်းအနီး၌ စခန်းချကြသည်။

ပုဏ္ဏားများသည် ဘုရားထံသို့ တရားနာရန် သွားကြသော အရိယာဥပါသကာတို့အား ဘယ်သို့သွားမည်နည်း။ ဝင်္ဂီသပုဏ္ဏား၏ အတတ်ပညာကို ပြောပြ၍ လာရောက်မေးကြရန် ဖိတ်ခေါ်ကြပါသည်။ ထိုအရိယာပုဂ္ဂိုလ်တို့ကလည်း ဘုရားရှင်၏ဂုဏ်ပုဒ်ကိုပြောဆိုပြီး ဘုရားရှင်နှင့် တူသူမရှိဟု ငြင်းခုံကြလေသည်။ ပုဏ္ဏားတို့က ပညာပြိုင်ရန် ဝင်္ဂီသပုဏ္ဏားကို ဇေတဝန်ကျောင်းတော်သို့ ခေါ်သွားကြလေသည်။

ဘုရားရှင်သည် ဤမည်သော ဝင်္ဂီသပုဏ္ဏား လာမည်ကို ကြိုသိနေလေသည်။ (၁) ငရဲပြည်၌ဖြစ်သူ (၂) တိရစ္ဆာန်ဖြစ်သူ (၃) လူ့ပြည်၌ဖြစ်သူ (၄) နတ်ပြည်၌ဖြစ်သူ (၅) ရဟန္တာဖြစ်သူ အစရှိသည့် ပေါင်းငါးဦး၏ ဦးခေါင်းခွံငါးခုကို တန်ခိုးတော်ဖြင့်ဆောင်၍ ထားလေသည်။ ဘုရားရှင်က ဝင်္ဂီသပုဏ္ဏားရောက်လာသောအခါ ဤဦးခေါင်းခွံငါးခုတို့သည် ဘယ်ဘဝသို့ ရောက်နေသည်ကို မေးတော်မူလေသည်။

ဝင်္ဂီသပုဏ္ဏားသည် ဘုရားရှင် မေးတော်မူသည့် ဦးခေါင်းခွံငါးခုကို အစဉ်အတိုင်း ဂါထာစုတ်လေသည်။ ပထမဦးခေါင်းခွံလေးခုတို့၏ ရောက်ရာဘဝကို ပြောကြားသောအခါ ဘုရားရှင်က ၎င်းပြောသည့်အခါတိုင်း သာဓု သာဓုဟု ကောင်းချီးပေးတော်မူသည်။ ဝင်္ဂီသပုဏ္ဏားသည် နောက်ဆုံးဦးခေါင်းခွံကို ဂါထာမန္တန်ရွတ်ပြီး ပြုလုပ်သော်လည်း ၎င်း၏ ရောက်ရာဘဝကို မပြောနိုင်ဖြစ်နေလေသည်။ ၎င်းသည် ချွေးဒီးဒီးကျ၍ အဖြေမှန်မရဖြစ်နေလေသည်။

ထိုအခါ ဘုရားရှင်က “သင်မစွမ်းနိုင်ပါက ငါဘုရားသိသည်”ဟု မိန့်တော်မူသည်။ ဝင်္ဂီသပုဏ္ဏားသည် ဘုရားရှင်ကို ဤသို့သိအောင် လုပ်နိုင်သော ဂါထာကို တောင်းခံလေသည်။ ဘုရားရှင်က “ဤဂါထာကို ရဟန်းမဟုတ်သူအား ပေးလို့မရကြောင်း” မိန့်တော်မူလေသည်။

၎င်းပုဏ္ဏားသည် ရဟန်းပြုလေသည်။ ထိုအခါ ဘုရားရှင်က ၎င်းရဟန်းဖြစ်သောအခါ၌ ဒွတ္တိံသာကာရကမ္မဋ္ဌာန်းကို သရဇ္ဈာယ်လျက် ဝိပဿနာတရားတို့ကို ဟောကြားတော်မူလေသည်။ ၎င်းသည် ဘုရားရှင် ဟောကြားသည့်တရားကို ကြားနာ၍ နှစ်ရက်၊ သုံးရက်အတွင်းမှာပင် ရဟန္တာဖြစ်လေသည်။ ဝင်္ဂီသမထေရ်သည် ဘုရားရှင်အား သွားရောက်ဖူးမြော်လေရာမှ ဘုရားရှင်ကိုမြင်ရာအရပ်၌ လမင်း၊ နေမင်း၊ ကောင်းကင်၊ မဟာသမုဒ္ဒရာ၊ ဆင်ပြောင်ကြီး၊ ခြင်္သေ့မင်းအသီးသီးနှင့် ဥပမာပြုကာ ဘုရားရှင်၏ ဂုဏ်တော်ကို ဂါထာပေါင်း အရာအထောင်တို့ဖြင့် ချီးကျူးဖွဲ့ဆိုလျက် ဘုရားရှင်ထံသို့ သွားရောက်ချဉ်းကပ်လေသည်။

ထို့ကြောင့် ဘုရားရှင်သည် နောင်သောအခါ၌ ရဟန်းတို့အား “ဧတဒဂ်” အရာ၌ ထားတော်မူသောအခါ ရဟန်းတို့ ဝင်္ဂီသသည် ဆန်းကြယ်သော ဉာဏ်ပဋိဘာန်ရှိကြသည်။ ငါဘုရား၏ တပည့်ရဟန်းတို့တွင် အမြတ်ဆုံးဖြစ်၏ဟူ၍ “ပဋိဘာနဝန္တ ဧတဒဂ်”အရာ၌ ထားတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)



**“ဝင်္ဂီသပုဏ္ဏားသည် ဘုရားရှင်မေးတော်မူသည့် ဦးခေါင်းခွံငါးခုကို အစဉ်အတိုင်း ဂါထာစုတ်လေသည်။ ပထမဦးခေါင်းခွံလေးခုတို့၏ ရောက်ရာဘဝကို ပြောကြားသောအခါ ဘုရားရှင်က ၎င်းပြောသည့်အခါတိုင်း သာဓု သာဓုဟု ကောင်းချီးပေးတော်မူသည်။ ဝင်္ဂီသပုဏ္ဏားသည် နောက်ဆုံးဦးခေါင်းခွံကို ဂါထာမန္တန်ရွတ်ပြီး ပြုလုပ်သော်လည်း ၎င်း၏ ရောက်ရာဘဝကို မပြောနိုင်ဖြစ်နေလေသည်။ ၎င်းသည် ချွေးဒီးဒီးကျ၍ အဖြေမှန်မရဖြစ်နေလေသည်”**

# ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၅၉၅)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၈

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ စေတနာသဒ္ဓါတရားထက်သန်စွာလှူဒါန်းထားကြသော ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များအား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က (၅၉၅)ကြိမ်မြောက် ထုတိအနုမောဒနာ ချီးကျူးဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ အလှည့်ကျသဘာပတိ ဦးဘိုးသင်းနှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ထုတိအနုမောဒနာဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ရေစက်ချအနုမောဒနာတရား နာယူကြသည်။

ယနေ့ကျင်းပသော အလှူငွေပေးအပ် လှူဒါန်းပွဲတွင် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ရွှေသင်္ကန်းတော်



ရွှေပြားအလှူရှင် ၁၁၇ ဦးက ခြောက်ကျပ်သားရွှေပြား ခြောက်ချပ်နှင့် တစ်ကျပ်သား ရွှေပြား ၁၆၂ ချပ်စုစုပေါင်း ရွှေစင်ရွှေပြားအချပ် ၁၆၈ ချပ် လှူဒါန်းခဲ့ပြီး ငွေသား အလှူရှင် ၂၁၆ ဦး အပါအဝင် စုစုပေါင်းလှူဒါန်းငွေ ၄၆၇၀၃၃၅၂၅၁ ကျပ် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၈

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“သစ္စာရှိလက်နက်မဲ့ Non CDM ဝန်ထမ်းတွေကို ခြိမ်းခြောက်သတ်ဖြတ်နေတဲ့ ဝရမ်းပြေးနိုင်ငံမဲ့ NUG ၊ CRPH နဲ့ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဒလန်၊ သတင်းပေး၊ သူလျှို စတဲ့စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ကြွေပြားကပ်ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၈

ကြွေပြားကပ် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု ကျယ်ပြန့်စေရေးအတွက် အရှေ့တောင်အာရှ၏ ပထမဆုံးသော Crocodile Tiler X ပြိုင်ပွဲကို ဇူလိုင် ၁၂ ရက်တွင် ရန်ကုန်မြို့ ရှိ Pan Pacific Hotel ၌ ကျင်းပမည်ဖြစ်သည်။

ယနေ့ခေတ် ဆောက်လုပ်ရေးလုပ်ငန်းများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကြာရှည်ခိုင်ခံ့ပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသည့် အရည်အသွေးမြင့် ကြွေပြားကပ်ကော် ဘိလပ်မြေများကို စနစ်တကျအသုံးပြုရန် ဒေသတွင်းကျွမ်းကျင်ပညာရှင်များအား အသိပညာ ပေးသွားမည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်း ကြွေပြားကပ်ပညာရှင်များ၏ စွမ်းရည်ကို နိုင်ငံတကာ အဆင့်မြှင့်တင်ရန်နှင့် ပညာရှင်များပေါ်ထွက်လာရေး အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် မြှင့်တင်ရေးတို့အတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးခြင်းဖြစ်သည်။

**အကဲဖြတ်ရွေးချယ်**

ပြိုင်ပွဲတွင် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင် စံနှုန်းများနှင့်အညီ ၎င်းတို့၏ နည်းစနစ်၊ မြန်ဆန်မှု၊ တိကျမှုနှင့် လုပ်ငန်းခွင် ဘေးကင်းရေး ဆောင်ရွက်မှုစသည့် အချက်အလက်တို့အပေါ် စိစစ်အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအသီးသီးမှ ပထမဆုရရှိသူများကို ထိုင်းနိုင်ငံရှိ Jorakay ကော်ပိုရေးရှင်း ရုံးချုပ်တွင် နိုင်ငံတကာအဆင့်မီ ကြွေပြားကပ်နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို လေ့လာသင်ယူရန်၊ နည်းပညာနှင့် လုပ်ငန်းစံနှုန်း အသိအမြင်များကို ဖလှယ်ရန်အတွက် လုပ်ငန်းခွင် အရည်အသွေးမြှင့်တင်ရေး အစီအစဉ်သို့ ဖိတ်ခေါ်သွားမည်ဖြစ်သည်။

ထို့ပြင် ဆုရရှိသူများသည် Jorakay စက်ရုံများ၊ ဆိုင်များနှင့် ပြတိုက်တို့ကို လေ့လာကြည့်ရှုနိုင်မည်ဖြစ်ပြီး ထိုင်းဓလေ့ရိုးရာ ယဉ်ကျေးမှုမျိုးစုံကို လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဩဂုတ် ၁၆ ရက်၊ ဗီယက်နမ်နိုင်ငံ ဟန်ွိုင်းမြို့၌ စက်တင်ဘာ ၁၃ ရက်၊ လာအိုနိုင်ငံ ဗီယန်ကျန်းမြို့၌ စက်တင်ဘာ ၆ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ငလျင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ ငလျင်၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က ငလျင်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ် ASR level 1, 2 , 3 , 4 , 5 တို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက လူနာလက်တွေ့သယ်ဆောင်ခြင်း၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက Power Unit အသုံးပြု၍ကယ်ဆယ်ရှာဖွေခြင်း၊ ရေဘေးကယ်ဆယ်ရေးအတွက် Life Jacket ဝတ်ဆင်သရုပ်ပြခြင်း၊ ငလျင်အချက်ပေးခရာဖြင့် အချက်ပေး၍ ကျောင်းသား ကျောင်းသူများက ငလျင်လှုပ်ခတ်နေစဉ် နေရာယူခြင်းစသည်တို့ကို သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**



# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ပေးပို့သည့် ကုန်သွယ်ရေးနှင့်သက်ဆိုင်သော သဝဏ်လွှာ/စာနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

**နေပြည်တော် ဇူလိုင် ၈**

ဒီနေ့မှာတော့ မီဒီယာများမေးမြန်းထားတဲ့ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဆီကို ပေးပို့တဲ့ ကုန်သွယ်ရေးနဲ့ပတ်သက်တဲ့ သဝဏ်လွှာ/စာနဲ့ပတ်သက်ပြီး ပြောကြားသွားမှာဖြစ်ပါတယ်။

စာထဲမှာတော့ မြန်မာနိုင်ငံနဲ့ ကုန်သွယ်ရေးပြုလုပ်လိုတဲ့အကြောင်းနဲ့ ကုန်သွယ်ရေးလိုင္ေတွ ရှိနေတဲ့အကြောင်း၊ အကျဉ်းချုပ်ကတော့ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ သွင်းကုန်တွေအပေါ်မှာ အခွန် ၄၀ ရာခိုင်နှုန်း စည်းကြပ်သွားမှာဖြစ်ကြောင်းနဲ့ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအနေနဲ့ အမေရိကန်ပြည်ထောင်စုက သွင်းတဲ့သွင်းကုန်တွေနဲ့ပတ်သက်ပြီးလည်း ဖြေလျှော့ပေးဖို့ ပြောကြားထားတာကို တွေ့ရပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံမှာလည်း မြန်မာနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်နိုင်ဖို့ ပြောကြားထားတာလည်း တွေ့ရပါတယ်။ အခွန်နှုန်းထားတွေနဲ့ပတ်သက်ပြီး ညှိနှိုင်းနိုင်တဲ့အကြောင်း ပြောကြားထားတာလည်း တွေ့ရပါတယ်။ ဒီစာကိုလည်း ကျွန်တော်တို့ ကောင်းမွန်စွာ လက်ခံရရှိပါတယ်။ မြန်မာနိုင်ငံနဲ့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်မှုပမာဏအနေနဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာတော့ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀၁ ဒသမ ၉ သန်းခန့်ရှိခဲ့ပါတယ်။ ၂၀၂၄ -၂၀၂၅ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာ ၅၈၈ ဒသမ ၃ သန်းကျော်လောက်ရှိခဲ့ပါတယ်။ ဒီစာနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရရဲ့ သဘောထားအနေနဲ့ နံပါတ်(၁)ကတော့ အပြုသဘောဆောင်တဲ့ ညှိနှိုင်းမှု၊ ပြန်ကြားမှုတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နံပါတ်(၂) အချက်အနေနဲ့ကတော့ ဒီညှိနှိုင်းမှုတွေကနေပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့်ရလဒ်တွေ ရရှိမယ်လို့မျှော်လင့်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။





# လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၈**

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြစ်သည့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဂေဟာနှင့် စခန်းများတွင် လူကုန်ကူးခံရသူများကို သက်ဆိုင်ရာ တရားရုံးများတွင် သက်သေထွက်ဆိုပြီးသည်အထိ ယာယီလက်ခံစောင့်ရှောက်ရခြင်းဖြစ်သည့်အတွက် တရားစွဲဆိုရေး၊ တရားစီရင်ရေးလုပ်ငန်းစဉ်များတွင် လူကုန်ကူးခံရသူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သက်သေထွက်ဆိုနိုင်ရေး သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ ထိရောက်သည့် ပြန်လည်ထူထောင်ရေးဖြစ်စေရန် အဖွဲ့အစည်းအားလုံးပူးပေါင်းပံ့ပိုးကူညီပေးရန်၊ ၂၀၂၅ ခုနှစ် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အားသာချက်၊ အားနည်းချက်၊ အခက်အခဲများကို သင်ခန်းစာယူ၍ ၂၀၂၆ ခုနှစ်အတွက် လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် ပိုမိုကောင်းမွန်ပြည့်စုံသည့် စီမံချက်ဖြစ်လာစေရေး ဆောင်ရွက်ရန်တို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ သိပ္ပံနှင့် လက်တွေ့ပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၈**

မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် မိခင်နှင့်ကလေး သေဆုံးမှုလျှော့နည်းစေရေး နည်းလမ်းများဆိုင်ရာ သိပ္ပံနှင့် လက်တွေ့ပညာပေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ် (၁) ပါမောက္ခချုပ် ဒေါက်တာ ကျော်ရွှေက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန Department to Educational Simulation Tech-nologies in Medicine, National Medical Research Center for Obstetrics, Gynecology and Perinatology named after V.I.Kulakov မှ ဌာနမှူး Dr. Khamatkhanove Elizaveta က မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ယခင်ကတည်းက ပူးပေါင်းဆောင်ရွက်မှုများ ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ အထူးကုဆရာဝန်များအား ရုရှားနိုင်ငံ မော်စကိုမြို့သို့ နှစ်စဉ်ဖိတ်ခေါ်ကာ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်းပို့ချမှုများရှိပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လိုပါကြောင်း ပြောကြားပြီး ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ V.I.Kulakov Center က ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ဆွေးနွေးပွဲကို ရန်ကုန်မြို့၌ ငါးရက်ကြာ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ ဗီဒီယိုကွန်ဖရင့်စနစ် ဖြင့်လည်းကောင်း၊ အောက်တိုဘာလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌လည်းကောင်း ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန V.I.Kulakov center မှ ပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်များ တက်ရောက်ကြမည်ဖြစ်ကာ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်နှင့် မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေးအားကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ရုရှားနိုင်ငံသံရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံမှ လာရောက်ပို့ချသူပညာရှင် ရှစ်ဦး၊ မြန်မာနိုင်ငံမှ အထူးကုဆရာဝန် ၃၁ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**




သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့် စည်းကြပ်ထားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာနိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြားစာများပေးပို့

နေပြည်တော် ဇူလိုင် ၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က မြန်မာ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ကာဇက်စတန်၊ တူနီးရှား၊ ဘောစနီးယား ဟာဇီဂိုးဗီးနား၊ တောင်အာဖရိက၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို စုစုပေါင်းနိုင်ငံ ၁၄ နိုင်ငံအား သွင်းကုန်ခွန်တိုးမြှင့် စည်းကြပ်ထားမှုနှင့်ပတ်သက်၍ ဇူလိုင် ၇ ရက်တွင် သက်ဆိုင်ရာ နိုင်ငံများသို့ သဝဏ်လွှာ/အကြောင်းကြား စာများ ပေးပို့ခဲ့ကြောင်း သိရသည်။

ထိုသို့ ပေးပို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ပေးပို့သည့် သဝဏ်လွှာ/ အကြောင်းကြားစာ၌ အမေရိကန်သည် မြန်မာနှင့်ကုန်သွယ်ရေးတွင် ကုန်သွယ်မှု လိုငွေပြလျက်ရှိသော်လည်း ကုန်သွယ်မှု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မျှတမှုရှိသည့် ကုန်သွယ်မှုကို ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း၊ မြန်မာနိုင်ငံမှ အမေရိကန်နိုင်ငံသို့ တင်ပို့သည့် မည်သည့်ပို့ကုန်အမျိုးအစားမဆို အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ကုမ္ပဏီများက အမေရိကန်နိုင်ငံအတွင်း စက်မှုလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်မှုနှင့် ကုန်သွယ်ခွန်အတွက် ညှိနှိုင်းနိုင်မှုတို့ကို ဖော်ပြထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ


THE WHITE HOUSE
WASHINGTON

July 7, 2025

His Excellency
Min Aung Hlaing
Chairman of the State Administrative
Council and Commander and Chief of
the Republic of the Union of Myanmar
Nay Pyi Taw

Dear Mr. Chairman:

It is a Great Honor for me to send you this letter in that it demonstrates the strength and commitment of our Trading Relationship, and the fact that the United States of America has agreed to continue working with Myanmar, despite having a significant Trade Deficit with your great Country. Nevertheless, we have decided to move forward with you, but only with more balanced, and fair, TRADE. Therefore, we invite you to participate in the extraordinary Economy of the United States, the Number One Market in the World, by far. We have had years to discuss our Trading Relationship with Myanmar, and have concluded that we must move away from these longterm, and very persistent, Trade Deficits engendered by Myanmar's Tariff, and Non Tariff, Policies and Trade Barriers. Our relationship has been, unfortunately, far from Reciprocal. Starting on August 1, 2025, we will charge Myanmar a Tariff of only 40% on any and all Burmese products sent into the United States, separate from all Sectoral Tariffs. Goods transshipped to evade a higher Tariff will be subject to that higher Tariff. Please understand that the 40% number is far less than what is needed to eliminate the Trade Deficit disparity we have with your Country. As you are aware, there will be no Tariff if Myanmar, or companies within your Country, decide to build or manufacture product within the United States and, in fact, we will do everything possible to get approvals quickly, professionally, and routinely — in other words, in a matter of weeks.

If for any reason you decide to raise your Tariffs, then, whatever the number you choose to raise them by, will be added onto the 40% that we charge. Please understand that these Tariffs are necessary to correct the many years of Myanmar's Tariff, and Non Tariff, Policies and Trade Barriers, causing these unsustainable Trade Deficits against the United States. This Deficit is a major threat to our Economy and, indeed, our National Security!

We look forward to working with you as your Trading Partner for many years to come. If you wish to open your heretofore closed Trading Markets to the United States, and eliminate your Tariff, and Non Tariff, Policies and Trade Barriers, we will, perhaps, consider an adjustment to this letter. These Tariffs may be modified, upward or downward, depending on our relationship with your Country. You will never be disappointed with The United States of America.

Thank you for your attention to this matter!

With best wishes, I am,

Sincerely,

DONALD J. TRUMP
PRESIDENT OF THE UNITED STATES OF AMERICA




# နီပေါနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား

ခတ္တမန္ဒူ ဇူလိုင် ၈

နီပေါနိုင်ငံမြောက်ပိုင်း၌ ဇူလိုင် ၈ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ ၁၈ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

ပျောက်ဆုံးနေသူများတွင် နီပေါနိုင်ငံ ရာဆူဝါဂါဒီ နယ်စပ်စခန်းရှိ တရုတ်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၌ တာဝန်ထမ်းဆောင်နေသည့် တရုတ်နိုင်ငံသားခြောက်ဦးနှင့် နီပေါနိုင်ငံသားရှစ်ဦးပါဝင်ကြောင်း နီပေါနိုင်ငံရှိ တရုတ်သံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့ကို တရုတ်သံရုံးကစေလွှတ်ခဲ့သည်။ ယခုဖြစ်ရပ်တွင် ပျောက်ဆုံးသူအများစုသည် နယ်စပ်အနီးဆိပ်ကမ်းတွင် အလုပ်လုပ်ကိုင်သူများဖြစ်ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူ ဒီဟီတယ်က ပြောကြားသည်။ ရာဆူဝါဂါဒီ-ကီရန် နယ်စပ်စခန်းရှိတံတားသည် ရေကြီးရေလျှံမှုအတွင်း မျောပါသွားခဲ့ပြီး ဆိပ်ကမ်းတွင်ရှိသည့် လျှပ်စစ်ကားများမှာလည်း ရေစီးနှင့် မျောပါသွားကြောင်း ၎င်းက ပြောကြားသည်။ ဒီဟာဒင်းခရိုင်တွင် ရုပ်အလောင်းနှစ်လောင်း တွေ့ရှိခဲ့ကြောင်း ဒီဟာဒင်းခရိုင် ရဲတပ်ဖွဲ့တာဝန်ရှိသူ ဆူဗတ်ဟာမယ်က ပြောကြားသည်။ နီပေါနိုင်ငံတွင် မုတ်သုံရာသီကာလအတွင်း ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားလေ့ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်




ရီရိုဒီဂျနေးရိုး ဇူလိုင် ၈

ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို ပြုပြင်ပြောင်းလဲပြီး ဖွံ့ဖြိုးတိုးတက်မှုများရရှိစေရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ရီရိုဒီဂျနေးရိုးမြို့၌ ဇူလိုင် ၇ ရက်က ကျင်းပပြီးစီးခဲ့သည့် (၁၇) ကြိမ်မြောက် BRICS အဖွဲ့ ထိပ်သီးဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များက ၎င်းတို့၏ ကတိကဝတ်ကို အတည်ပြုခဲ့ကြသည်။

## တိုက်တွန်းခဲ့

ယင်းထိပ်သီးဆွေးနွေးပွဲတွင် နိုင်ငံစုံဘုံအကျိုးစီးပွား ခိုင်မာစေရေးနှင့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုများ ပြုပြင်ပြောင်းလဲရေးအတွက် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် နိုင်ငံတကာ တည်ငြိမ်ရေးတို့ကို မြှင့်တင်ကာ နိုင်ငံတကာစီးပွားရေး၊ ကုန်သွယ်ရေးနှင့်ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်အတွက် ရီရိုဒီဂျနေးရိုးကြေညာချက်ကို ထုတ်ပြန်တောင်းဆိုခဲ့သည်။ BRICS အဖွဲ့ဝင်နိုင်ငံများအား ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် ဦးဆောင်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ကာ ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပဋိပက္ခများအား ငြိမ်းချမ်းသည့်နည်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် တရုတ်ဝန်ကြီးချုပ်လီချန်းက တိုက်တွန်းခဲ့သည်။

နိုင်ငံစုံကုန်သွယ်မှုစနစ်၊ နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်မှု အခြေအနေသည် ပြင်းထန်သောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။ BRICS အဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိအချိန်ကာလ၏ လိုအပ်ချက်အရ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်ဖြစ်ကာ မျှတပွင့်လင်းသည့် နိုင်ငံတကာစီးပွားရေး၊ ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုဆောင်ရွက်မည်ဟု ၎င်းက ပြောကြားသည်။

## အကောင်အထည်ဖော်

၂၀၁၅ ခုနှစ်တွင် တရုတ်သမ္မတရှီကျင့်ဖျင်အဆိုပြုခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲမှုအမြင်သည် ကမ္ဘာပေါ်တွင် ညှိနှိုင်းဆွေးနွေးမှုများကို မြှင့်တင်ရန်နှင့် ဘုံအကျိုးစီးပွားကို ဖော်ဆောင်ရန် ရှေးရှုသည့် တရုတ်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲမှုနှင့်စိန်ခေါ်မှုအပေါ် ဖြေရှင်းဆောင်ရွက်ချက်ဖြစ်ပြီး လက်ရှိအချိန်တွင် ၎င်းအမြင်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိနေကြောင်း သိရသည်။ BRICS အဖွဲ့အား တိုးချဲ့ဖွဲ့စည်းခဲ့ပြီးနောက် အဖွဲ့၏လုပ်ငန်းမူဘောင်အရ နိုင်ငံစုံဘုံဖွံ့ဖြိုးတိုးတက်ရေးကိုမြှင့်တင်ကာ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် မျှတမှုရှိသည့် ကမ္ဘာလုံးဆိုင်ရာစီမံခန့်ခွဲရေးစနစ် အကောင်အထည်ဖော်ရာတွင် BRICS အဖွဲ့က ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဟု ရုရှားသိပ္ပံအကယ်ဒမီ ဥရောပရေးရာလေ့လာရေးအင်စတီကျူမှ ပညာရှင်ဘောရစ် ဂက်ဆီလီတော့ဗ်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# လာအိုနိုင်ငံ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည်

ဗီယင်ကျန်း ဇူလိုင် ၈

လာအိုနိုင်ငံရှိ ပြည်နယ်ခြောက်ခုတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရင်းအမြစ်များ ကာကွယ်စောင့်ရှောက်ရေးကြိုးပမ်းမှုအဖြစ် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်သည်။

## ထိရောက်စွာဆောင်ရွက်နိုင်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အရင်းအမြစ်များကာကွယ်စောင့်ရှောက်ရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် အစိုးရ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဖြင့် ယခုစီမံကိန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

## စီမံခန့်ခွဲမှုမြှင့်တင်

၎င်းစီမံကိန်းဆောင်ရွက်မည့် ပြည်နယ်များမှာ လန်နန်သာ၊ ခမ္မာနန်၊ ဗိုကာအို၊ ချန်ပါဆက်၊ ဖောင်စလေနှင့်စိုင်စာဗိုရီ ပြည်နယ်တို့ဖြစ်ပြီး သုံးနှစ်ကြာဆောင်ရွက်မည့်စီမံကိန်းတွင် သစ်တောထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းမြှင့်တင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ယင်းစီမံကိန်းများအရ ဆေးရုံများနှင့်ကျောင်းများတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေးကိုပါ ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် စီမံကိန်းဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုမြှင့်တင်ခြင်းနှင့် သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၆ ရက်တွင် ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ်(4A၊ 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၉၈၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရေခဲစက်လမ်းရှိ ကမ်းနားဂိုဒေါင်တစ်လုံးအတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၁၀၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မြိတ်မြို့ နောက်လယ်ရပ်ကွက် အမှတ်(၁၂၄)ရှိ တော်ဝင်ဆောင်းစက်ပစ္စည်းနှင့် ကုန်မာဆိုင်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၂၇၇၅၀၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် လှိုင်းသစ်သမလမ်းရှိ ထူးကုန်မာဆိုင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၅၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၈၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတ ဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၁၃၇၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Shwe Yoon San ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၆၉၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၁၀၀၀၆၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မိုးကုတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၂၅၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)ကိုလည်းကောင်း၊ အမရပူရမြို့နယ် နတ်ရေကန်ရွာ တပ်မတော်လုံခြုံရေးဂိတ်၌ မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၉၃၆၅၀၀)နှင့် အဆိုပါပစ္စည်းများ




တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၃၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၀)မိုင် (၂)ဖာလုံ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Asia Star Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၉၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၄၂ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၀ မှ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၂၉၃၉၆၅၀)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@Wai hnin” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့ သဝန်ငယ်ရပ်ကွက်နေ ဝေနှင်းအား နံနက် ၂ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ “Nyan Lin Htet (Nyan Gyi)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပေါက်ပင်ကွင်းကျေးရွာနေ ညဏ်လင်းထက်အား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၇-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၆:၃၀ စုဒ္ဒသမတိပိဋကဓရမွေဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိရိယာနန္ဒ(ကမ္ဘောဇဆရာတော်)၏ ထေရုပ္ပတ္တိမှတ်တမ်း(အပိုင်း-၂)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၀ ‘ဓမ္မစက္ကပဝတ္တနသုတ္တန်’ တရားတော်
- ၀၉:၁၀ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၁၁:၁၀ ကမ္ဘာတစ်လွှား အနုပညာသတင်းများ
- ၁၂:၃၅ ‘ဓမ္မစကြာအဘိဓာတ်ငွေ့’ တရားတော်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ (အပိုင်း-၁၁+၁၂)
- ၁၅:၃၀ Weekly Soccer Preview
- ၁၇:၀၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၁၅ NEXT LEVEL
- ၁၇:၂၅ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ ဓမ္မစကြာတရားတော်
- ၁၈:၃၅ မာရဝိဇယမြတ်ဗုဒ္ဓ
- ၁၈:၄၅ သါဆိုလတွဲတေးများ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘တော်ဝင်စားပွဲ’ (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ ဆုတောင်းမေတ္တာ တေးကမ္ဘာ
- ၂၁:၃၀ (၃၀)ပြာမင်္ဂလာ ‘တတညုတ’ (သူတစ်ပါးပြုဖူးသောကျေးဇူးကိုသိတတ်ခြင်း)
- ၂၂:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ ‘လှူစွမ်းကောင်းများခေတ်’ (အပိုင်း-၄၅)

### mitv

- 07:02 Evergreen Classic: Dhamma Settkyar (Nan Sandi)
- 07:11 Tech Digest
- 07:18 Topical Topics; A noble merit Waso Month
- 07:25 Wa Traditional Dance and Beauty
- 07:37 Changes in Myanmar's Printing Industry
- 08:26 The Majestic Maravijaya Buddha Image (3)
- 08:54 Waso or the Buddhist Lent
- 09:19 Waso Charity Feast
- 09:38 Discovering Tribes-Gaybar Kayin

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားသီချင်း၊ အက(ချင်း)
- ၀၆:၄၅ ဇာတ်လမ်းတို ‘ပြည့်သူ့သာလိုပါတယ်’
- ၀၇:၀၅ မြန်မာသံစဉ်တေးများ
- ၀၇:၃၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ (အပိုင်း-၉၊၁၀)
- ၀၈:၄၅ ဇာတ်တော်ကြီး ‘မဟာဗုဒ္ဓဝင် ဘုရားတော်မွေ့ခန်းဇာတ်တော်ကြီး’ (ပထမပိုင်း)
- ၁၀:၂၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၀:၅၅ ဇာတ်တော်ကြီး ‘မဟာဗုဒ္ဓဝင် ဘုရားတော်မွေ့ခန်းဇာတ်တော်ကြီး’ (ပထမပိုင်း)
- ၁၉:၃၀ မြန်မာဇာတ်လမ်းတွဲ ‘ထာဝရပန္နလေး’ (အပိုင်း-၁၁၊၁၂)

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
စိတ်ဝင်တစားရှိးရာဓလေ့ထူးခြားချက်များ (ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
မာလကာသီးမှပေးသောသင်ခန်းစာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲလ်လီနီအင်တာဗျူး

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းရိုးရာဝက်အူအစာသွပ်

**ချင်း (ချို) (၁၂:၀၀ မှ ၁၃:၀၀)**
မင်းတပ်မြို့ရဲ့ရိုးရာသီအလှပုံရိပ်များ (အပိုင်း-၁)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
အရပ်ရှစ်မျက်နှာဦးချသူများ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ကေနဲ့ဖျိုင်နှင့်ရွှေပရုံသီးချက်

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်နော် (ပရိဘောဂပစ္စည်း) (အပိုင်း-၂)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သစ်ကြားသီးနှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ထမင်းဟင်းထုပ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Sports Max
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ ‘အစ္စရေးနိုင်ငံ’
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘ငွေငယ်ငွေချေးချယ်မှု’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်း သိကောင်းစရာများ ‘ဆွစ်ဇာလန်နိုင်ငံ’
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း ‘အာဇရဲဘိုင်ဂျန်နိုင်ငံ’ (အပိုင်း-၁)
- ၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၄)

### MRTV FARMERS' HD Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝက်ကြယ်ပဝင့်ကြွားတို့လယ်သမားအောင်မြင် ထူးခြားGreen Tea တောင်သူရဲ့စွမ်းအား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ June Tour of Our South Garden
- ၂၀:၀၀ ဆုံးခက်တွေပုံနေကြလမ်းပေါ်မှာ (ဇာတ်လမ်း)
- ၂၂:၀၀ Puss In Boots (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD Channel

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ Untold Jhonny Football (2023)

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း (အမျိုးသား / အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



နေပြည်တော် ဇူလိုင် ၈

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွမ်းရည်ပြသယှဉ်ပြိုင်မှုများနှင့် ဗန်တိုအတိုက် (အမျိုးသား)(ခ)တန်း ၄၉-၅၃ ကီလိုတန်းပြိုင်ပွဲ၊ ပန်ကြပ်ဆီးလပ်အတိုက် (အမျိုးသမီး) ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲ၊ ဓားတစ်လက်အတိုက်(အမျိုးသား) ၅၀-၅၅ ကီလိုတန်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်**

အဆိုပါတိုင်းမှူးဒိုင်း(အမျိုးသား/အမျိုးသမီး) မြန်မာ့သိုင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း (အမျိုးသား/အမျိုးသမီး) ခုနစ်သင်းဖြင့် ဇူလိုင် ၁၄ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၂ ဦးအား သက်ဆိုင်ရာ နိုင်ငံများသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ် နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၃ ဦး၊ အိန္ဒိယနိုင်ငံသား ရှစ်ဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ၂၂ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၂၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထားစာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးမှ Counsellor Mr. Pranav Ganesh နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံရုံးမှ Counsellor Mr. Keam Sarat နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံရုံးမှ လူဝင်မှုကြီးကြပ်ရေးအရာရှိ Mr. Handwiyuto နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ် ဝမ်ခနယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ အိန္ဒိယနိုင်ငံသား သုံးဦး စုစုပေါင်းပြည်ပနိုင်ငံသား ၂၃ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၂၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၀၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၃ ဦးကို သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင် လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ ကျောင်းကျန်းမာရေး စစ်ဆေးဆောင်ရွက်

မင်းလှ ဇူလိုင် ၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ မလွန် အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျောင်းကျန်းမာရေးအသိပညာပေးခြင်းနှင့် စစ်ဆေးကုသပေးခြင်းများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ (သွားကျန်းမာ)က ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ စစ်ဆေးခြင်းများဆောင်ရွက်ပြီး ကုသမှုခံယူရန် လိုအပ်သည့် ကျောင်းသား ကျောင်းသူများကို သွားနှင့်ခံတွင်း ဆေးကုသမှုများပေးခဲ့သည်။ ထို့နောက် KG ကျောင်းသား ကျောင်းသူများအား သွားတိုက်တံနှင့် သွားတိုက်ဆေးများ ဖြန့်ဝေ၍ စနစ်မှန်သွားတိုက်နည်းကို လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဝင်းမြတ်(အထက်မင်းလှ)**



✤ **စပိန်အမျိုးသမီးအသင်းမှ**

ဘယ်လ်ဂျီယံ အမျိုးသမီးအသင်းအတွက် ချေပဂိုးတွေကိုတော့ ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်မှာ ဗန်ဟေဗာမက်က တစ်ဂိုး၊ ဒုတိယပိုင်း ပွဲကစားချိန် မိနစ် ၅၀ မှာ အာလင်းက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာလည်း ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ စပိန်အမျိုးသမီးအသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ပူတဲလက်စ်ဟာ အမျိုးသမီးဘလွန်းဒီအောဆုကို နှစ်ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမားလည်းဖြစ်ပါတယ်။ စပိန်အမျိုးသမီးအသင်းဟာ ဘယ်လ်ဂျီယံအမျိုးသမီးအသင်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် စပိန်အသင်းကလည်း အမျိုးသမီးယူရို ၂၀၂၅ ပြိုင်ပွဲ ပွဲစဉ်နှစ်ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ သွင်းဂိုး ၁၁ ဂိုးအထိ ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ပူတဲလက်စ်ဟာ ၂၀၂၁ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်တို့မှာလည်း ကမ္ဘာ့အကောင်းဆုံးအမျိုးသမီးကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။ စပိန် အမျိုးသမီးအသင်းဟာ လာမယ့်ပွဲစဉ်မှာ အီတလီအမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘယ်လ်ဂျီယံအမျိုးသမီးကတော့ ပေါ်တူဂီအမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

☆ **ကျောဖုံးမှ**

အာရှဖလား အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမားများကို အခြေခံကာ ဖွဲ့စည်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၁၉ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး တရုတ်ယူ-၂၀ အသင်း၊ တရုတ်အမျိုးသမီးကလပ်အသင်းအပါအဝင် ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၂၅ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် အသင်းစုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အိမ်ရှင် ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ မြန်မာ၊ သြစတြေးလျ၊ တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် သြဂုတ် ၇ ရက်တွင် သြစတြေးလျအသင်း၊ သြဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ သြဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်သော်**

# စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းမင်း စားသုံးဆီသိုလှောင်ကန်များ မြေပြင်လက်ကျန်အခြေအနေ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇူလိုင် ၈

စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း သည် စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများနှင့်အတူ ယနေ့နံနက်ပိုင်း တွင် စားသုံးဆီ သိုလှောင်ကန်များ မြေပြင် လက်ကျန်အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေး သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်သူများ ဈေးကွက်အတွင်း နေ့စဉ်သုံးစွဲလျက်ရှိသော စားသုံး ဆီများ ဈေးနှုန်းတည်ငြိမ်စေရေး နှင့် စားသုံးဆီပြတ်လပ်မှုမဖြစ် ပေါ်စေရေးအတွက် စားသုံးဆီ တင်သွင်း ဖြန့်ဖြူးရောင်းချလျက် ရှိသော ကုမ္ပဏီများ၏ စားသုံးဆီ သိုလှောင်ကန်များတွင် သိုလှောင် ထိန်းသိမ်းထားရှိသော စားသုံးဆီ မြေပြင် လက်ကျန်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆီဖြန့်ဝေရာ တွင် လျော့နည်းမှုမရှိစေရေးနှင့် အချိန်အတွယ် အလေးချိန် မှန်ကန်စေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး




ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင် မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမား တစ်ဦးအား အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန် တိုင်းဒေသကြီး လူမှုဖူလုံရေး တိုင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသ ကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူးက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံး တွင် အကျုံးဝင်မှတ်ပုံတင်ထား သော ဆည်မြောင်းနှင့် ရေအသုံးချ မှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အာမခံ အလုပ်သမား ဦးလှထွန်းစိုး အလုပ်ခွင်ပြင်ပထိခိုက် သေဆုံး ခြင်းအတွက် ကျန်ရစ်သူအကျိုး ခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၁၆၅၀၀၀၀၀ကို ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ငွေးထံသို့ မြို့နယ်ရုံးခွဲ တာဝန်ခံ၊ အလုပ်ဌာနမှ တာဝန်ရှိ သူများရှေ့မှောက်တွင် ထုတ်ပေး ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ၈ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၅ | ၃၁၂၅ | ၃၀၉၅ | ၃၀၃၀ | ၃၁၃၅ | ၃၁၅၀ | ၃၁၆၅ | ၃၀၈၅ | ၄၅၀၅ | ၃၃၈၀ | ၃၁၀၀ | ၃၁၀၅ | ၃၁၇၅ | ၃၁၄၀ | ၃၁၆၀ | ၃၄၁၅ |
| 95 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၆၀ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၅ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၄၀ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | ၄၈၃၀ | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၇၅ | ၃၃၄၅ | ၃၂၇၅ | ၃၃၈၅ | ၃၄၀၀ | ၃၄၁၅ | ၃၃၃၅ | - | ၃၆၂၅ | ၃၃၅၀ | ၃၃၅၅ | ၃၄၂၀ | ၃၃၈၅ | ၃၄၁၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၄၄ | ၂၉၃၅ |
| 95 Ron | ၂၉၀၂ | ၂၉၉၄ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၁၇၇ |
| HSD (10 ppm) | ၃၀၈၅ | ၃၁၇၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နတ်တလင်းမြို့၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

နတ်တလင်း ဇူလိုင် ၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့၌ အခွန်အသိပညာပေး ရှင်းလင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေစိုးက အမှာစကားပြောကြား ပြီး ပေါင်းတည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ချိုက ပြည်တွင်း အခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ နတ်တလင်းမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်အေးပြည့်မွန်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးကြပြီး အခွန်ဆိုင်ရာ သိကောင်း စရာလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



# လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အခွန်ဆိုင်ရာကိစ္စရပ် များနှင့်ပတ်သက်၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ကုဋ္ဌေထွန်းက အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦး က အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❍ MNLမှ

ဂိုးပြတ်အနိုင်ယူပြီး ရှုံးပွဲကြုံတွေ့နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။ ရာမည ယူနိုက်တက်အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ဇယားထိပ်ပိုင်းမှ အသင်း များနှင့် အမှတ်ကွာဟကာ ဖိအားပေးနိုင်မည့်အခွင့်အရေး နည်းသွားခဲ့ သည်။ ရတနာပုံအသင်းအတွက် ဂိုးများကို ၃၉ မိနစ်တွင် ဖြိုးခန့်ငြိမ်း၊ ၅၅၊ ၇၀၊ ၉၀+၂ မိနစ်တွင် ရန်နိုင်ဖြိုးတို့က သွင်းယူပြီး ရာမညယူနိုက်တက် အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၆ မိနစ်တွင် စိုးမောင်မောင်က သွင်းယူသည်။

ပွဲစဉ်(၁၂)အပြီးတွင် အား/ကာသိပ္ပံအသင်းက ၂၉ မှတ်ဖြင့် ထိပ်ဆုံး ရောက်လာပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၂၆ မှတ်၊ ဒဂုံစတား ယူနိုက်တက်နှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့က ၂၄ မှတ်စီ၊ Junior Lions အသင်းက ရမှတ် ၂၀၊ သစ္စာအားမာန်နှင့် ရာမည ယူနိုက်တက်အသင်းတို့က ၁၉ မှတ်စီ၊ ရတနာပုံ၊ ရှေ့ဝတီယူနိုက်တက်နှင့် Falcon အသင်းတို့က ၁၅ မှတ်စီ၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ်၊ မဟာယူနိုက်တက်အသင်း က ငါးမှတ်၊ Dagon Port အသင်းက တစ်မှတ် ရရှိထားသည်။

**သတင်း-ချစ်ကိုကို**
**ဓာတ်ပုံ-MNL**

# လူငယ်များအတွက် ဘဝသင်ခန်းစာများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ငယ်ရွယ်သောလူငယ်ဘဝတွင် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ ရှိနိုင်သည်။ ထိုအခါ လူငယ်များအနေဖြင့် မိမိဘဝဖြတ်သန်းရာခရီးတွင် စိတ်လှုပ်ရှားဖွယ်ရာများ၊ ပျော်ရွှင်စရာများကို တွေ့ကြုံရနိုင်သည်။ လောကဓံတရားနှင့် ရင်ဆိုင်ရာတွင် လူငယ်များအတွက် ဘဝသင်ခန်းစာများကိုယူပြီး မိမိဘဝရည်မှန်းချက်အောင်မြင်ရေးသို့ တက်လှမ်းရမည်ဖြစ်သည်။ အချို့သော ဘဝသင်ခန်းစာများက လူငယ်တို့၏ အတွေ့အကြုံများကို အကောင်းဆုံးအသုံးချရန် အခွင့်အလမ်းအဖြစ် ဖန်တီးပေးနိုင်သည်။ တိုးတက်အောင်မြင်သော အနာဂတ်အတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်သည်။ ပညာသင်ကြားရာတွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ ဘဝသင်ခန်းစာများကို ယူတတ်ပါက လမ်းကြောင်းမှန်ပေါ်ရောက်စေရန် တွန်းအားများဖြစ်ထွန်းစေသည်။ လူငယ်ဘဝတွင် စိန်ခေါ်မှုများ ရင်ဆိုင်ရပါက၊ အမှားများတွေ့ကြုံရပါက သင်ယူလေ့လာမှုနှင့် သင်ခန်းစာယူမှုတို့က လူငယ်တို့အား အောင်မြင်မှုအတွက် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

**"အချို့သော ဘဝသင်ခန်းစာများက လူငယ်တို့၏ အတွေ့အကြုံများကို အကောင်းဆုံးအသုံးချရန် အခွင့်အလမ်းအဖြစ် ဖန်တီးပေးနိုင်သည်။ တိုးတက်အောင်မြင်သော အနာဂတ်အတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးနိုင်သည်။ ပညာသင်ကြားရာတွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ ဘဝသင်ခန်းစာများကို ယူတတ်ပါက လမ်းကြောင်းမှန်ပေါ်ရောက်စေရန် တွန်းအားများဖြစ်ထွန်းစေသည်။ လူငယ်ဘဝတွင် စိန်ခေါ်မှုများ ရင်ဆိုင်ရပါက၊ အမှားများတွေ့ကြုံရပါက သင်ယူလေ့လာမှုနှင့် သင်ခန်းစာယူမှုတို့က လူငယ်တို့အား အောင်မြင်မှုအတွက် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးနိုင်မည်"**

လူငယ်များယူသင့်သော သင်ခန်းစာတစ်ခုမှာ "ကိုယ့်ကိုယ်ကိုယ် သစ္စာရှိပါ" ဖြစ်သည်။ မိမိသည် အခြားသူများနှင့် မတူလျှင်တောင်မှ မိမိ၏တန်ဖိုးနှင့် ယုံကြည်ချက်များကို သစ္စာရှိဖို့အရေးကြီးသည်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရမည်ဖြစ်သည်။

ဒုတိယဘဝသင်ခန်းစာမှာ လူငယ်များအနေဖြင့် "မိမိလုပ်ရပ်အတွက် တာဝန်ယူပါ" ဖြစ်သည်။ မိမိက အမှားများပြုလုပ်ခဲ့လျှင် ယင်းအမှားများကို ပြင်ဆင်ရန်ကြိုးစားခြင်းသည် ရင့်ကျက်မှုနှင့် ကိုယ်ကျင့်တရား တည်ကြည်ခြင်းကို ဖော်ပြသည်။

တတိယဘဝသင်ခန်းစာမှာ "ကိုယ့်ကိုယ်ကိုယ် တခြားသူတွေနဲ့ မနှိုင်းယှဉ်ပါနဲ့" ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် တခြားသူများနှင့် နှိုင်းယှဉ်သည်က သဘာဝကျသော်လည်း လူတိုင်းတွင် မတူညီသော ဘဝလမ်းကြောင်းများရှိသည်ကို သတိရဖို့အရေးကြီးသည်။

စတုတ္ထဘဝသင်ခန်းစာမှာ "ကျေးဇူးသိတတ်ခြင်းကို လေ့ကျင့်ပါ" ဖြစ်သည်။ လူ့ဘဝတွင် ကျေးဇူးတရားဟူသည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံကူညီအားပေးရာမှ ဖြစ်ပေါ်လာတတ်သည်။ လူငယ်များအနေဖြင့် ကျေးဇူးသိတတ်သောအရာကို အာရုံစိုက်ခြင်းက မိမိတို့၏ ဘဝများအပေါ် ပိုမိုအပြုသဘောဆောင်သောအမြင်ရှိစေရန် ကူညီပေးနိုင်သည်။

ပဉ္စမဘဝသင်ခန်းစာမှာ "ပန်းတိုင်များချမှတ်ပြီး ယင်းပန်းတိုင်များဆီသို့ ရောက်ရှိအောင် လုပ်ဆောင်ပါ" ဖြစ်သည်။ ပညာသင်ကြားနေစဉ် မိမိသင်ကြားနေသောဘွဲ့ရရှိရန် ကြိုးစားရမည်။ အလုပ်လုပ်နေစဉ် မိမိအတတ်ပညာနှင့်လိုက်ဖက်သော ရာထူးရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။ ပြတ်သားသောပန်းတိုင်များရှိခြင်းသည် လူငယ်များအား စိတ်အားထက်သန်မှုနှင့် အာရုံစူးစိုက်မှုရှိနေစေရန် ကူညီပေးနိုင်သည်။ ယင်းပန်းတိုင်များဆီသို့ ရှေးရှုလုပ်ဆောင်ခြင်းသည် လူငယ်များအား ရည်ရွယ်ချက်နှင့် ပြီးမြောက်အောင်မြင်မှုကို ပေးစွမ်းနိုင်သည်။

ဆဋ္ဌမဘဝသင်ခန်းစာမှာ "မိမိတို့၏အမှားများကို သင်ခန်းစာယူပါ" ဖြစ်သည်။ လူငယ်များအနေဖြင့် မိမိတို့၏အမှားများကို ဖက်တွယ်နေမည့်အစား ယင်းအမှားများမှ သင်ခန်းစာယူကာ လေ့လာစရာများကိုသင်ယူပြီး မိမိတို့ဘဝတိုးတက်မှုအတွက် အခွင့်အလမ်းတစ်ခုအနေဖြင့် အသုံးချရမည်ဖြစ်သည်။

သတ္တမဘဝသင်ခန်းစာမှာ "အခွင့်အလမ်းသစ်များကို ရှာဖွေပါ" ဖြစ်သည်။ လူငယ်များသည် စိန်ခေါ်မှုအသစ်များကိုရင်ဆိုင်ရင်း အခွင့်အလမ်းသစ်များကို ရှာဖွေရန်လိုသည်။ သည့်အတွက် သင်ယူလေ့လာမှုက ထောက်ကူပေးနိုင်သည်။

အဋ္ဌမဘဝသင်ခန်းစာမှာ "မိမိကိုယ်ကို ဂရုစိုက်ပါ" ဖြစ်သည်။ လူငယ်များသည် မိမိတို့၏ ကျန်းမာရေးအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဂရုစိုက်ရန်လိုအပ်သည်။ ရုပ်ရော စိတ်ပါ သုခချမ်းသာကို ဂရုစိုက်မှသာ ကျန်းမာရေးနှင့် ပျော်ရွှင်မှုအတွက် ကောင်းမွန်သောဘဝကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

နဝမဘဝသင်ခန်းစာမှာ "ကူညီပံ့ပိုးပေးသော ဆက်ဆံရေးကို ရှာဖွေပြီးထိန်းသိမ်းပါ" ဖြစ်သည်။ လူငယ်များသည် ဘဝခရီးလျှောက်လှမ်းရာတွင် လူမှုဆက်ဆံရေးအရ ပံ့ပိုးကူညီပေးသူများတွေ့တတ်သည်။ မိမိဘဝတွင် အခက်အခဲကြုံတွေ့ပါက အပြုသဘောဆောင်သော ပံ့ပိုးပေးသူများနှင့် ကောင်းမွန်သောဆက်ဆံရေးကို ထိန်းသိမ်းထားမည်ဆိုလျှင် ဘဝအောင်မြင်ရေးအတွက် ကြိုးပမ်းရာတွင် အထောက်အကူပြုနိုင်သည်။

ဒသမဘဝသင်ခန်းစာမှာ "ခွင့်လွှတ်ခြင်းကို လေ့ကျင့်ပါ" ဖြစ်သည်။ လူငယ်များအနေဖြင့် အာဃာတနှင့် နာကြည်းမှုကို ဆုပ်ကိုင်ထားခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာနှိမ့်ချမှုဖြစ်စေနိုင်သည်။ ထို့ကြောင့် မိမိအတွက်ရော၊ သူတစ်ပါးအတွက်ပါ ခွင့်လွှတ်ခြင်းကို လေ့ကျင့်ထားရန်လိုအပ်သည်။

**မည်သည့်အရင်းအမြစ်မှမဆိုရနိုင်**

လူငယ်များအတွက် ဘဝသင်ခန်းစာများသည် မည်သည့်အရင်းအမြစ်မှမဆို ရနိုင်ပေသည်။ ယူတတ်ဖို့ သတိမူဖို့သာလိုသည်။ ဥပမာ-စာအုပ်များမှလည်း ဘဝသင်ခန်းစာများရရှိနိုင်သည်။ စာအုပ်များသည် မိမိတို့၏အမြင်များကို ကျယ်ပြန့်စေပြီး အတွေ့အကြုံများကို နက်ရှိုင်းစေသည်။ စာမဖတ်ဘဲ ဘဝကိုဖြတ်သန်းလျှင် လက်တွေ့ဘဝ၏ ခံယူချက်က အကန့်အသတ်များ ဖြစ်လာတတ်သည်။ ဤတွင် မိမိတို့ရွေးချယ်မှုများ၏ ဖြစ်နိုင်ခြေနှင့် အကျိုးဆက်များကို အပြည့်အဝအိုင်ဒီယာ မထုတ်နိုင်သောကြောင့် မိမိတို့ ဆုံးဖြတ်ချက်ချရာတွင် လွဲမှားနိုင်သည်။ စာအုပ်များနှင့်ပတ်သက်၍ ရှင်းပြရလျှင် ယခုသင့်ဘဝတွင် အလွန်အရေးကြီးသော ဆုံးဖြတ်ချက်တစ်ခုကို ချရမည်ဟု တွေးကြည့်လိုက်ပါ။ စာအုပ်များတွင်ပါရှိသော ဇာတ်ကောင်များသည် မတူညီသောရလဒ်များနှင့် မတူညီသောဆုံးဖြတ်ချက်များချခဲ့သည့် အခြေအနေများကို သင်ဖတ်ခဲ့ပြီးပြီဖြစ်သည်။ ယခုသင့်မှာ အဖြစ်မှန်ကို ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာပြီဖြစ်သည်။ ဤတွင် သင့်ဆုံးဖြတ်ချက်၏ ဖြစ်နိုင်ခြေရှိသော ရလဒ်များစွာကို သင်စဉ်းစားနိုင်ပြီး ယခုအခါ သင်ပိုမိုပညာရှိစွာ လုပ်ဆောင်နိုင်ပြီဖြစ်သည်။

ရုပ်ရှင်များကြည့်ခြင်းဖြင့်လည်း လူငယ်များ ဘဝသင်ခန်းစာများကို အလားတူစွာ နားလည်ခံစားဆုံးဖြတ်နိုင်မည်ဖြစ်သည်။ စာအုပ်များနှင့် ရုပ်ရှင်များသည် ကွဲပြားခြားနားသော လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များ၏ ဖြစ်နိုင်ခြေရှိသောရလဒ်များကို တွေ့ကြုံခံစားနိုင်သဖြင့် လူငယ်များသည် အလုပ်လုပ်ရန်နှင့် မလုပ်သင့်သည်များကို သင်ကြားပေးပါသည်။

စာအုပ်များနှင့် ရုပ်ရှင်များတွင် တွေ့မြင်ဖတ်ရှုရသောစကားလုံးများ၊ ဆွေးနွေးမှုများ၊ ဇာတ်လမ်းများ၊ အပြင်အဆင်များ၊ ဇာတ်ကောင်များ၏ သရုပ်ဆောင်မှုစရိုက်၊ ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် ရလဒ်များမှတစ်ဆင့် လူငယ်များအဖို့ မိမိတို့၏ ကိုယ်ပိုင်ဘဝနှင့်ပတ်သက်သော အရေးကြီးသည့် ကောက်ချက်များစွာကို ရရှိနိုင်ပါသည်။ ယင်းအချက်က လူငယ်တို့အား ကြီးမားသောဉာဏ်ပညာနှင့် မိမိကိုယ်ကို ဝေဖန်ပိုင်းခြားနိုင်မှုနှင့်အတူ ဆက်လက်လုပ်ဆောင်သင့်သည်များကို ကူညီပေးသည်။ စာအုပ်များဖတ်ခြင်းနှင့် ရုပ်ရှင်ကြည့်ခြင်းတို့သည် လေ့လာသင်ယူခြင်းတည်းဟူသော ဒင်္ဂါးပြား၏တစ်ခြမ်းမျှသာဖြစ်သည်။ ယင်းကို လူငယ်များက မိမိတို့၏ လက်တွေ့ဘဝတွင် အသုံးချခြင်းသည် ဤဒင်္ဂါးပြား၏ အခြားတစ်ဖက်ဖြစ်သည်။ လူငယ်များသည် လေ့လာမှုပညာ၊ ရရှိသောသင်ခန်းစာများကို လက်တွေ့ဘဝတွင် ကျင့်သုံးလျှင် ကောင်းမွန်သော ဆုလာဘ်ရရှိပေမည်။ စာအုပ်များနှင့် ရုပ်ရှင်များသည်လည်း လူငယ်တို့၏ သင်ခန်းစာများကြားတွင် တံတားတစ်စင်းပင်ဖြစ်သည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ



**အမျိုးသမီး** = "မင်း မချက်ပြုတ်ခင် ဒီငါးကို ဆေးကြောရဲ့လား"

**အစေခံမိန်းမ** = "လိုအပ်တယ်လို့ ကျွန်မ မထင်မိခဲ့ဘူး။ ရေထဲမှာ တစ်သက်လုံးနေတဲ့ ငါးတစ်ကောင်ကို ဆေးကြောနေလို့ကော ဘာထူးမှာလဲဟင်"



**သွေးစုပ်ကောင်အမေ** = "ဒရက်ကူလာမြို့စားကို မင်း ဘာကြောင့်သဘောမကျတာလဲ"

**သွေးစုပ်ကောင်မိန်းကလေး** = "ဘာကြောင့် လဲ ဆိုတော့ သူဟာ တကယ့်ကို ခံပြင်းစရာ ကောင်းတဲ့ သူပဲလေ"




"အမေရေ ကားက အဖေ့ကို စားနေပါလား"

## ချင်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဌာန ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ဟားခါးမြို့ တတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ငွေကျပ်သန်း(၂၀၀) အထက်လုပ်ငန်းဖြစ်သော ရေပေးရေးလုပ်ငန်းဖြစ်သည့် ရေပိုက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းနှင့် ဂါလန်(၁၀၀၀၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

- (က) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်၊ နေရာ - ၈-၇-၂၀၂၅ (အင်္ဂါနေ့) နံနက်(၉:၃၀)နာရီ မှ ညနေ(၁၆:၃၀)နာရီထိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး
- (ခ) တင်ဒါလျှောက်လွှာ ပိတ်မည့်ရက် - ၂၁-၇-၂၀၂၅ (တနင်္လာနေ့) မွန်းလွဲ(၁၄:၀၀)နာရီ
- (ဂ) တင်ဒါလျှောက်လွှာ တင်သွင်းမည့်နေရာ - ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် ရုံးချိန်အတွင်း အချိန်မီ တင်သွင်းခြင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။
- (ဃ) တင်ဒါဖွင့်လှစ်မည့် နေ့ရက်၊အချိန်နှင့်နေရာ - သီးခြားထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဖုန်း (၀၉- ၃၄၆၁၈၉၉၃၄၊ ၀၉-၄၃၀၁၁၀၁၃၈)နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁) လမ်း၊ အမှတ် (၁၈) ဟုခေါ်တွင်သော (၂) ခန်းတွဲ (၈) ထပ်တိုက် အနက်မှ (၅-လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင်-ညာ)၊ အကျယ်အဝန်း (၁၂ ½ x၅၀) ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို **ဦးဖြိုးဝင့်ထွန်း [၁၁/သတန (နိုင်) ၀၇၁၃၉၆]** မှ အရပ်ကတိ စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်အေးနု [၁၂/ဥကမ(နိုင်)၁၈၃၅၉၃]** က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၃/မာန်ပြေ)၊ မြေကွက် အမှတ် (၁၂၇/ခ)၊ ဧရိယာ (၂၀x၆၀)၊ မြေကွက်တည်နေရာ အမှတ် (၁၂၇/ခ)၊ မာန်ပြေ (၁၉) လမ်း၊ (၃/မာန်ပြေ) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးညီညီ [၁၂/သကတ(နိုင်)၀၃၀၄၅၄] အမည်ပေါက်၊ နှစ် (၆၀) မြေငှား ဂရန်မြေအား အမည်ပေါက် ဦးညီညီ (ဖခင်) နှင့် ဒေါ်တင်အေး (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်မြတ်မွန်[၁၂/သကတ(နိုင်)၀၃၃၈၀၈]၊ ဒေါ်သက်သက် [၁၂/သကတ(နိုင်) ၀၃၀၃၁၆]၊ ဒေါ်သင်းသင်း [၁၂/သကတ(နိုင်) ၀၃၀၀၄၄]၊ ဦးအေးနိုင် [၁၂/သကတ(နိုင်) ၀၃၃၃၇၃] တို့မှ ကွယ်လွန်သူ မိဘများတွင် သားသမီးအရင်းများအဖြစ် မိမိတို့ (၄) ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေ ဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျိန်ဆိုထားသည့် တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိခင် ဒေါ်တင်အေး၏ သေဆုံးမှုလက်မှတ် ပထမမိတ္တူမှန်၊ ဦးညီညီ သေဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှ (၃-၁၀-၂၀၂၄) ရက်စွဲပါ စာဖြင့် ဦးညီညီ၏ သေစာရင်း တောင်းခံခြင်းနှင့် ပတ်သက်၍ ရှာဖွေမတွေ့ရှိသဖြင့် ထုတ်ပေးခြင်း မပြုနိုင်ကြောင်း အကြောင်းပြန်ကြားစာ၊ အိမ်ထောင်စု လူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်း၊ တိုက်အမှတ်(၅၂/က+ခ)၊ (၂)ခန်းတွဲ၊ (A-၄)၊ စတုတ္ထထပ် (၅)လွှာ၊ ခေါင်းရမ်းခြမ်း (A) ၊ အကျယ်အဝန်း အလျား x အနံ (၁၂ ½ x၅၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူ ဦးမြတ်သူဟိန်း [၁၂/ကတတ(နိုင်)၀၃၀၄၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ ဦးစောလွယ်စေး [၁၄/ကပန(နိုင်)၁၄၈၉၃၈]၊ ဒေါ်ဇာဖြူဖြူဝင်း [၇/ကဝန(နိုင်)၀၈၈၆၃၀]တို့သည် (၆-၇-၂၀၂၅)ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" အား ပြုလုပ်ချုပ်ဆိုပြီး တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ရရှိထားပြီးသော တိုက်ခန်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန့်အိဆုမွန် (LLB)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၄၀၁)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း- ၀၉ - ၉၇၁၇၃၅၃၇၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ကြံတန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၀)၊ ဦးပိုင်အမှတ်[၇၉/၁-ခ(ခဲစင်း)]၊ စစ်ကိုင်း-မန္တလေးကားလမ်း၊ မြစ်ကြီးနား-မန္တလေးမီးရထားလမ်းxတောင်ကြီးချောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မီးမီးဦး [၉/မကန(နိုင်) ၀၉၇၂၀၅]က အမှုတွဲအမှတ် (၁၀၄၉/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "တိုက်ခန်း လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ လမ်း(၂၀)၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြား၊ အမှတ် (၈၃)နေ ဦးမြင့်အောင် [၉/အမဇ (နိုင်) ၀၆၁၂၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၅)၊ (၄)ခန်းတွဲ (၂)ထပ် ဟောင်ကောင်တိုက်အနက်မှ မြေညီ+ ပထမထပ် [တိုက်ကိုမျက်နှာမူလျှင် (ဘယ်)ဘက်]၊ အကျယ်အဝန်း (၁၂ ½ ပေ x ၅၀ပေ)စီရှိ တိုက်ခန်း(၂)ခန်းနှင့် ယင်းတိုက်ခန်းများတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါအဝင် တိုက်ခန်းနှင့် ဆက်စပ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးချစ်မြင့် [၁၂/မဂတ(နိုင်) ၀၄၈၂၁၈]ထံမှ (၈-၇-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်အောင် [၉/အမဇ(နိုင်)၀၆၁၂၄၆]က "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ ရောင်းဖိုးငွေ အပြည့်အဝပေးချေပြီး၊ အပြီးအပိုင် လက်ရောက်ရရှိပြီးဖြစ်သော တိုက်ခန်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**တိုက် (A3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉၄၃၁၁၉၈၄၅၊ ၀၉၉၆၄၃၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၄၆၇/ခ)၊ မြေအကျယ်အဝန်း (အလျား ၂၀x အနံ၆၀)ပေရှိ (ဂရန်မိတ္တူ) မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်တင်တင်ဌေး [၁၂/ပဘတ(နိုင်)၀၁၈၉၈၅]** အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်ကျင်ပို[၁၂/ဥကတ (နိုင်)၁၃၁၅၇၇]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်သန္တာဆွေ [၁၂/စခန(နိုင်)၀၀၂၃၃၂]**မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ဝိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း- ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## တောတောင် ပျက်ပြုန်း မြေဆီ သုဉ်း၏

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်ရဲနိုင် [၁၂/ဒပန (နိုင်) ၀၄၇၆၈၀]၏ သင်္ဘောသားစာအုပ် (CDC) (No. 8356) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဇော်ရဲနိုင်**
**Ph: 09-757494412**

## "အများသိစေရန်ကြေညာချက်"

ဖခင် ဦးထွန်းဝင်းနှင့် မိခင်ဒေါ်စန်းတင်တို့တွင် သားသမီး (၁၀)ဦး မွေးဖွားခဲ့ပြီး ၎င်းတို့မှာ (၁) ဦးကျော်သိန်း(ကွယ်လွန်)၊ (၂) ဦးသိန်းဝင်း (ပျောက်ဆုံး)၊ (၃)ဒေါ်ကြည်ကြည်သန်း (ကွယ်လွန်)၊ (၄) ဒေါ်မြမြကြည်၊ (၅) ဦးထွန်းလင်း (လူပျိုကြီးဘဝဖြင့် ကွယ်လွန်)၊ (၆) ဒေါ်စန္ဒာဝင်း၊ (၇) ဒေါ်ပြုံးပြုံးချို၊ (၈) ဦးသန်းအောင်ဝင်း၊ (၉)ဒေါ်အိအိဖြူ၊ (၁၀) ဒေါ်အေးအေးမြင့်တို့ဖြစ်ကြပါသည်။ ဖခင် ဦးထွန်းဦးနှင့် မိခင်ဒေါ်စန်းတင်တို့ ကွယ်လွန်သည့်အခါ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဆည်မြောင်း (၂)လမ်း၊ အမှတ် (၇၁၄)၊ ဧရိယာ အကျယ်အဝန်း အလျား(၄၀)ပေ x အနံ (၆၀)ပေရှိသည့် မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းဝင်း အမည်ပေါက် မရွှေ့မပြောင်းနိုင်သည့် အိမ်နှင့်မြေဖြစ်ပြီး အဆိုပါ မရွှေ့မပြောင်းနိုင်သည့် အိမ်နှင့်မြေအား လက်ဝယ်ထားပိုင်ဆိုင်သည့်သူများမှ ကျန်အမွေဆိုင်မိသားစုဝင်များအပေါ် ကာလတန်ဖိုးဖြတ်၍ သက်ဆိုင်ရာ ဝေစုအလိုက် အမွေဝေစုခွဲဝေကာ လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဖခင် ဦးထွန်းဝင်းနှင့် မိခင်ဒေါ်စန်းတင်တို့၏ အမွေဝေစုခွဲဝေယူရန် မကျန်ရှိတော့ပါကြောင်း ဖခင် ဦးထွန်းဝင်းနှင့် မိခင်ဒေါ်စန်းတင်တို့၏ သားသမီးများမှ အများသိစေရန် ကြေညာအပ်ပါသည်။

**ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်ကြသည့် ဖခင်ဦးထွန်းဝင်းနှင့် မိခင် ဒေါ်စန်းတင်တို့၏ သားသမီးများ၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အိရွှေစင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၇၂/၂၇-၁၂-၂၀၁၈)**
**အမှတ်-၅၈(B-4)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၂၀၀၇၆၉၂၄**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ သုံးမြှောင့်လမ်း၊ တိုက်အမှတ်- ၃၊ ၃-လွှာ/ယာဘက်ခြမ်းရှိ ဦးနိုအီဆလန် ပိုင်ဆိုင်သည့်တိုက်ခန်း အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍ "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအား တရားဝင် ဆက်စပ်စာချုပ်များအရ ပိုင်ဆိုင်ထားသည့် **ဦးနိုအီဆလန် [၁၂/သကတ (နိုင်) ၁၂၈၀၀၂]**ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ **(၇)ရက်**အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(**မူရင်း**)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်ဌေး(LL.B,D.B.L,D.I.L) ဒေါ်ခိုင်ဦးသူ (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၉) အထက်တန်းရှေ့နေ(စဉ်-၃၇၉၅၄)**
**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ မကျည်းတန်းတောင်/ရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၅၈၈၁**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခိုင်ငြိမ်း [၁၄/ကပန (နိုင်) ၁၆၃၅၇၃]၏ Passport No. MH825378 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၅၀၆၉၁၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၁၉၇)၊ မြေကွက်တည်နေရာအမှတ်(၁၉၇)၊(၅)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဗိုလ်မှူး ဒေါ်စန္ဒာဆွေ [၉/မနမ(နိုင်)၀၆၀၉၂၁]၊ ဦးသိန်းလွင် [၅/မရန(နိုင်)၀၆၄၉၃၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် အမည်ပေါက် ဗိုလ်မှူး ဒေါ်စန္ဒာဆွေ၊ ဦးသိန်းလွင် မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဗိုလ်မှူး ဒေါ်စန္ဒာဆွေ(ဇနီး) ကွယ်လွန်သဖြင့် ဦးသိန်းလွင် [၅/မရန(နိုင်)၀၆၄၉၃၁]မှ ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်- ၁/၁၅၀၆/၂၀၂၅ (၂၇-၁-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင် + အပိုင်ပေး) မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမ၊ မြေကွက်အမှတ်(၃၄) ပေါ်တွင်ဆောက်လုပ်ထားသော ၂-ခန်းတွဲ RC တိုက်၏ ဖြလွှာ၊ ပဉ္စမထပ် (တိုက်အား မျက်နှာမူကြည့်လျှင် ညာဘက်ခြမ်း) အကျယ်အဝန်း(၁၁ပေx၄၅ပေ)ရှိတိုက်ခန်းနှင့် ၎င်းတွင်သွယ်တန်းတပ်ဆင်ထားသော ရေမီး၊ မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ပါ တိုက်ခန်းနှင့် ၎င်းတွင်တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး၊ မော်တာ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်သန်း [၁၄/မမန(နိုင်)၀၂၅၆၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) မခင်ကောင်းစံ[၁၂/အလန(နိုင်)၀၅၅၂၂၆]၊ (၂) မကြယ်စင်မေ [၁၂/အလန(နိုင်)၀၅၅၂၂၅]၊ (၃) မကြေ့ယဉ်ကျေးတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ယနေ့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးပွင့်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၃၉၁)**
**အမှတ်-(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊**
**ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၅၃၃၁၀၊ ၀၉-၉၇၇၈၀၁၃၆၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ မြေကွက်အမှတ်(၁၀၀)၊ မြေကွက်တည်နေရာအမှတ်(၁၀၀)၊ စည်ပင်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင်၊ ဦးမောင်ကို (AF-၀၆၉၄၅၉) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးမောင်ကို ခင်ပွန်းဖြစ်သူသည် ၁၈-၃-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်သက်ကို [၁/မစန(နိုင်)၀၀၉၅၁၁]မှ တရားဝင်အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း၊ အခြားသောဇနီး၊ မိန်းမတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူ တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၃/၁၄၄၅/၂၀၂၅ (၂၂-၃-၂၀၂၅)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ RC (၂)ထပ် (၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်ခင်သက်ကိုမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ၎င်း၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃) ရပ်ကွက်၊ ဆည်မြောင်း (၂)လမ်း၊ အမှတ် (၇၁၄)၊ ဧရိယာ အကျယ်အဝန်း အလျား (၄၀)ပေx အနံ (၆၀)ပေရှိသည့် မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းဝင်း အမည်ပေါက်လျက်ရှိပြီး ထိုမြေအနက်မှ ခြေရင်းဘက်ခြမ်း အလျား (၁၀)ပေx အနံ(၆၀)ပေ မြေ၏ သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ရောင်းသူ ဒေါ်စန္ဒာဝင်း [၁၂/ ဥကတ(နိုင်)၁၃၇၀၃၆]က ရန်ကုန်မြို့မှတ်ပုံတင်စာချုပ်စာတမ်းရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၆၉၀၈၊ ၄/၅၂၃၈၊ ၄/၅၃၁၂၊ ၄/၅၃၁၃ တို့အရ ဒေါ်တင်အေးခိုင်အား အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သည့်မြေအား (၈-၇-၂၀၂၅) ရက်နေ့တွင် **"နှစ်ဦးသဘောတူ မြေအပြီးအပိုင်ရောင်းဝယ်ခြင်းကတိစာချုပ်"**ကို ချုပ်ဆို၍ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သည့်မြေအား ဒေါ်တင်အေးခိုင်ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချပေးအပ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း၏လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အိရွှေစင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၂၇၂/ ၂၇-၁၂-၂၀၁၈)**
**အမှတ်- ၅၈(B-4)၊ အဝေရာလမ်းသွယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၄၂၀၀၇၆၉၂၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ မင်းရဲကျော်စွာ (၂)လမ်း၊ အမှတ် (၁၆၃)၊ အကျယ်အဝန်း (၂၅ပေx ၅၀ပေ)ရှိ မြေကွက်သည် ဦးသိန်းရွှေ (Q/RGN-၀၀၅၇၆၉) အမည်ဖြင့်ရရှိသော မြေကွက်ဖြစ်သည်။ ဦးသိန်းရွှေ (ဖခင်)နှင့် ဒေါ်ညိုအေး(မိခင်)တို့ ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့သည့် သားသမီးများဖြစ်ကြသော ၁။ ဦးခင်မောင်သိန်း [၁၃/တကန(နိုင်)၀၁၃၆၅၀]၊ ၂။ ဒေါ်အေးအေးသိန်း [၁၂/မရက(နိုင်)၀၃၀၁၀၅]၊ ၃။ ဒေါ်ဝေဝေလွင်[၁၂/မရက(နိုင်)၀၃၀၁၀၆]၊ ၄။ ဦးသိန်းဖေမြင့် [၁၂/မရက(နိုင်)၀၃၀၁၀၇]၊ ၅။ ဒေါ်ဝင်းဝင်းထွေး[၁၂/မရက(နိုင်)၁၂၂၆၀၈]တို့မှ မိမိတို့ မောင်နှမ (၅)ဦးသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မိုးမိုး[၁၂/မရက(နိုင်)၁၁၈၁၈၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းစုမွန် (LL.B) ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၄၅၂၁) တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ် (၃၀၇)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးညွန့်ရွှေ(N/OKA-၀၀၃၃၅၅) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ထားသည့် မြေကွက်အမှတ်(၃၀၆)နှင့် ကပ်လျက်ခြမ်း၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃၀၇)၊ ကမ္ဘောဇ(၁)လမ်း၊ (၁၈/B)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးငြိမ်းချမ်းဦး [၉/ပဘန(နိုင်)၁၅၁၀၀၆]နှင့် ဒေါ်မြမိုး [၉/ပဘန(နိုင်)၁၅၈၂၅၁]တို့မှ မိမိတို့သာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းကိုကို [၁၀/သထန(နိုင်)၀၀၅၁၁၃]နှင့် ဒေါ်တင်တင်ဌေး [၉/မနမ(နိုင်)၁၀၃၉၄၆]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းစုမွန် (LL.B) ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၂၁) တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း- ၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး
## ဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆ ပညာသင်နှစ်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး၌ ဖွင့်လှစ်မည့် အောက်ဖော်ပြပါ ဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူနိုင်ငံ့ဝန်ထမ်းများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါရဂူသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ပါရဂူ (ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) Ph.D (Physiotherapy) | (၃)နှစ် |

**ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (က) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ) M.Med.Tech (Medical Laboratory Technology) | ၂-နှစ် |
| (ခ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) M.Med.Tech(Medical Imaging Technology) | ၂-နှစ် |
| (ဂ) | ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ (ခန္ဓာသန်စွမ်းမှုနည်းပညာ) M.Med.Tech (Physiotherapy) | ၂-နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ပါရဂူသင်တန်းအတွက် သက်ဆိုင်ရာ ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(ဂ) ပါရဂူသင်တန်းအတွက် လျှောက်လွှာပိတ်သည့်နေ့တွင် ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၂)နှစ် ပြည့်ပြီးသူ နိုင်ငံ့ ဝန်ထမ်းဖြစ်ရမည်။ ပါရဂူသင်တန်း လျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက် (၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) မဟာသိပ္ပံသင်တန်းအတွက် သက်ဆိုင်ရာဆေးဘက်ဆိုင်ရာ နည်းပညာဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

(င) မဟာသိပ္ပံသင်တန်းများအတွက် လျှောက်လွှာပိတ်သည့်နေ့အထိ လုပ်ငန်းစတင် ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက် (၁)နှစ် ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်း ဖြစ်ရမည်။

(စ) ဆေးဘက်ဆိုင်ရာနည်းပညာ မဟာသိပ္ပံသင်တန်းများလျှောက်ထားသူများသည် လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဆ) ပါရဂူဘွဲ့ရရှိပြီးပါက အနည်းဆုံး (၅)နှစ်နှင့် ဆေးဘက်ဆိုင်ရာ နည်းပညာ မဟာသိပ္ပံဘွဲ့ ရရှိပြီးပါက အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဇ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်မည့်ရက်မှာ (၂၉-၈-၂၀၂၅) ရက် ၊(သောကြာနေ့) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဦးစီးဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ ဦးဆောင်ညွှန်ကြားရေးမှူး) မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်း စဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူ(၁)စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့လျှောက်ထားရမည်။

၆။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ၊ နှုတ်ဖြေ စာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။

(၆-က) ပါရဂူသင်တန်း ရေးဖြေစာမေးပွဲကို (၁၆-၁၀-၂၀၂၅) (ကြာသပတေးနေ့)တွင် စစ်ဆေးပါမည်။

(၆-ခ) မဟာသိပ္ပံသင်တန်းရေးဖြေစာမေးပွဲကို (၁၇-၁၀-၂၀၂၅) (သောကြာနေ့)တွင် စစ်ဆေးပါမည်။

၇။ ဘွဲ့လွန်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာ ဘွဲ့လွန် သင်တန်း ဝင်ခွင့်စာမေးပွဲကြေး ကျပ်၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) ကို ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်-မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)မန္တလေးတွင် ဖွင့်လှစ်ထားသော ငွေစာရင်း အမှတ် MD-၀၁၃၀၁၇ သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ ။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂) မန္တလေးတွင် ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်-မန္တလေး ငွေစာရင်းအမှတ်၊ MD- ၀၁၃၀၁၇သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၈။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့် ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်ဖြစ်သည်။

၁၀။ အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး ဖုန်းနံပါတ် (၀၂၄၀-၅၈၀၃၇၊ ၀၂၄၀-၅၇၀၁၂) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် - မန္တလေး၏ Website : www.umtmandalay.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်-မန္တလေး**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်-၁ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၆၉) မြေညီထပ်ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၂ပေခွဲx၅၀ပေ)ရှိ လူနေတိုက်ခန်း၏ ရေ၊ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ တော်လေးထွေး(ခ)ဒေါ်ခင်ခင်နွယ်[နိုင်ငံသားအမှတ်-၁၂/လမတ(နိုင်)၀၁၁၈၆၄] ထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေတချို့ အားပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မှုတစ်စုံတစ်ရာရှိပါက ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များဖြင့် ဤကြေညာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
